မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ ၂၀၁၀ခုနှစ်၊ မတ် ၂၀ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

တစ်နေ့လျှင် ဘိလပ်မြေ တန် ၅၀၀ ထုတ်လုပ်သွားမည့် မက်(စ်)ဘိလပ်မြေစက်ရုံဖွင့်ပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် မတ် ၁၉

မက်(စ်)ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်လယ်ဝေးမြို့နယ်ရှိ အဆိုပါစက်ရုံအဝင်မုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စက်ရုံကမွှည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်တိုင်းနှင့် နေပြည်တော်လယ်ဝေးမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မက်(စ်)ဘိလပ်မြေစက်ရုံ ပင်မထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် လယ်ဝေးမြို့နယ်ရှိ မက်(စ်)ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၅ တွင်လည်း နိုင်ငံရေးပါတီများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဟု ဖော်ပြထားပြီးဖြစ်ရာ ယခုနိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို အခြေခံထားခြင်းသာဖြစ်သည်မှာ ထင်ရှားနေပါသည်။

ဗညားအောင်၏ ဆောင်းပါး စာမျက်နှာ ၈ - ၉ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၀ ရက်)

မီးဘေးအန္တရာယ် အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းကာကွယ်

နွေရာသီကာလဖြစ်သော ယခုအချိန်အခါတွင် မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပွားတတ်ရာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အထူးသတိပြုကြရမည်ဖြစ်သည်။

"မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ"ဟူသော သတိပေးဆောင်ပုဒ်အရ တိုင်းရင်းသားပြည်သူများသည် မီးသုံးစွဲရာတွင် ဂရုတစိုက်လုပ်ဆောင်ကြရမည်ဖြစ်သည်။

လွန်ခဲ့သော ၂၀၀၉ခုနှစ်အတွင်း မီးလောင်မှု (၇၁၄)ကြိမ်ဖြစ်ပွားခဲ့ရာ မီးဖိုမီးအပါအဝင် ပေါ့ဆမီးကြောင့် မီးလောင်မှုသည် (၄၉၈)ကြိမ် အများဆုံးပါဝင်ပြီး လျှပ်စစ်ကြောင့် (၁၄၇)ကြိမ် ဖြစ်ပွားခဲ့သည်။

လျှပ်စစ်ဓာတ်အားကို လိုသည်ထက်ပိုမိုသုံးစွဲခြင်း၊ လျှပ်စစ်ဆက်သွယ်မှုအစိတ်အပိုင်းများ ပြတ်တောက်ခြင်း၊ လျှပ်စီးကြောင်းများ ဖြစ်ပေါ်ခြင်း၊ လျှပ်စစ်ဓာတ်အား စိမ့်ယိုခြင်းတို့သည် မီးလောင်မှုဖြစ်ပွားရန် အကြောင်းများဖြစ်သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားပါက အချိန်တိုကာလအတွင်း ဓာတ်အားများ ရုတ်တရက်ပေါက်ကွဲခြင်းဖြစ်ပြီး လျင်မြန်စွာ ကူးစက်လောင်ကျွမ်းနိုင်သည်။ ဟောင်းနွမ်းသည့် လျှပ်စစ်မီးကြိုးများကို အသစ်လဲလှယ်ကြရမည်ဖြစ်သည်။ အထူးသဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုပြီး မီးခလုတ်ကို ပြန်ပိတ်ရန် မေ့လျော့ခြင်းကို သတိပြုကြရမည် ဖြစ်သည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်မှုမဖြစ်ပွားရန် ကြိုတင်သတိပေးချက်များ၊ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ပြည်သူများအပိုင်းကလည်း မီးကို ဂရုပြု သုံးစွဲကြရမည်ဖြစ်သည်။

ပေါ့ဆမှုကြောင့် မီးလောင်မှုများတွင် အသုံးပြုပြီးသော မီးကြွင်းမီးကျန်များကို မီးငြိမ်းသတ်မှုမပြုခြင်း၊ မီးကူးလွယ်သောပစ္စည်းများ နီးကပ်စွာ ထားရှိခြင်းတို့သည် မီးလောင်မှုကို အလွယ်တကူဖြစ်စေသည်။ တစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများပါ ဒုက္ခမကြုံတွေ့ရစေရန် သတိရှိရှိဖြင့် အသုံးပြုကြရမည်ဖြစ်သည်။

"လူမှုဒုက္ခဝေးလိုက စည်ပမီးဘေးကာကွယ်ပေး"ဆောင်ပုဒ်အရ မီးဘေးအန္တရာယ်ကြောင့် လူမှုဒုက္ခ ကင်းဝေးရန်၊ အနှစ်နှစ်အလလက စုဆောင်းထားရှိထားသည့် တန်ဖိုးရှိသော ပစ္စည်းဥစ္စာရတနာများ၊ ရှေးဟောင်းအမွေအနှစ်များ မဆုံးရှုံးစေရန် တစ်ဦးတစ်ယောက်မှစ၍ ပြည်သူအပေါင်းက အသိစိတ်ဓာတ်ရှိရှိဖြင့် ကြိုတင်ကာကွယ်ရေးများကို ပြုလုပ်သွားကြပါက မီးဘေးအန္တရာယ်ကင်းဝေးလျော့နည်းစေပြီး မြို့ရွာတစ်ခွင် အေးချမ်းသာယာ စည်ပင်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၁၀ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁၉

၂၀၁၀ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် ဘတ်စကက်ဘောကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းကို ၆၆မှတ်၊ ၅၄မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တတိယဆုရ နေပြည်တော်စည်ပင်သာယာရေးကော်မတီအသင်းအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးကလည်းကောင်း၊ ဒုတိယဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းကလည်းကောင်း၊ ပထမဆုရ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းက အကောင်းဆုံး ခံစစ်ဆု၊ အကောင်းဆုံး ပြန်ကျဘောဖမ်းဆုနှင့် ပွဲစဉ်တစ်လျှောက် အထူးချွန်ဆုံး အားကစားသမားဆု ရရှိကြသူများအား ဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက အသန့်ရှင်းဆုံးဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းအား ဆုဖလားနှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ စတုတ္ထ၊ တတိယ၊ ဒုတိယနှင့် ပထမရရှိကြသည့် အသင်းများအား ငွေသားဆုများကိုလည်းကောင်း၊ ပထမရရှိသွားသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်း(**အပေါ်ပုံ**)တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၉

TV Guide စာစောင်အတွဲ (၁)၊ အမှတ် (၃၇)ကို စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Video Scope ၌ ကြည့်ရှုရမည့် Sade ၊ Justin Bieber ကို ကြည့်ရှုရမည့် MTV Push၊ လူငယ်များကြည့်သင့်သည့် My Life Sux Weekend Marathon၊ Daddy's Girls အစီအစဉ်သစ်၊ Star Movies ရုပ်သံလိုင်းတွင် မြန်မာစာတန်းထိုးဖြင့် ကြည့်ရှုရမည့် Goya's Ghosts, Crossing Over, Misery နှင့် အခြားရုပ်ရှင်ကားများအကြောင်း၊ Cartoon Network ရုပ်သံလိုင်းတွင် ထူးထူးခြားခြားကြည့်ရမည့် မျက်လှည့်ပြပွဲအကြောင်း၊ Star World ရုပ်သံလိုင်းတွင် ကွန်ပျူတာအထူးပြုလုပ်ချက်များဖြင့် ပြသမည့် Jackie C han Adventure ရုပ်ရှင်ကား၊ Star Sports နှင့် ESPN ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် မန်ယူ-လီဗာပူး၊ ဖူလ်ဟမ်-မန်စီးတီး၊ စတုတ်-စပါး၊ အာဆင်နယ်-ဝက်စ်ဟမ်း၊ ဘလက်ဘန်း-ချယ်လ်ဆီး၊ ဗီလာ-ဝုဗ်၊ AFC Champion League ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ အောင်မြင်ကျော်ကြားခဲ့သော ကစားသမားများအကြောင်း ကြည့်ရမည့် Immortal အစီအစဉ်၊ အဝလွန်ခွေးများကို ကိုယ်အလေးချိန် လျှော့ချပေးသည့် Downsize My Pet အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် ကြည့်ရမည့် A Model Life with Petra Namcova အကြောင်း၊ ဥရောပ၏ ထင်ရှားသော ပုံရိပ်များတွေ့မြင်ရမည့် Globe Trekker အစီအစဉ်၊ ကြွံမျိုးဆက်တိုက်ပွဲကို ကြည့်ရမည့် Multi Max ရုပ်သံလိုင်းနှင့် Discovery ရုပ်သံလိုင်းတွင် ကြည့်ရမည့် Hip Korea အစီအစဉ်၊ Mandalay FM တွင် နားဆင်ရမည့် The Best of Melody World 2008 နှင့် လွဲလွဲလေးပဲ ကောင်းပါတယ်ဆိုသည့် သကြိန်ဇာတ်လမ်း အကြောင်း၊ မိုးအောင်ရင်၊ ကျော်ကျော်ဗို၊ ချစ်စန္ဒီးဦး၊ နန်းဆုရတီစိုးတို့ ပါဝင်ထားသည့် နာမည်ကြီးတာကောင်းတယ်၊ နာမည်မကြီးတာ ကောင်းတယ် အမည်ပေးထားသည့် စကားနပန်းအစီအစဉ်များအပြင် ရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။ TV Guide စာစောင်ကို အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော စိန်ပန်းမြိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါလမ်းထိပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိဦးကံချွန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၁-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘဝအသွင် ကဗျာ့အမြင် (တပ်မတော်နေ့အခိုင်ဌာန်)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (ကျန်းမာရေးအတွက် ပုံမှန်လေ့ကျင့်ခန်း)
၁၀း၄၀ တေးစီးရီး (နော်ကိုကိုနော်-ဗညားဟန်-မို့မို့ကျော်လွင်)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၇၉)
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (တပ်မတော်နေ့ဂုဏ်ပြု-ကလေးများ၏ စစ်ချီသီချင်းများ)
၁၂း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (မီး) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ကမ္ဘာကျော်ဝတ္ထုပုံပြင်(၁၀)ပုဒ် (ဦးဝမ်ထိန်) ၂။ လူပျင်းတွေလည်း အောင်မြင်နိုင်ပါတယ် (သဲအောင်)
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၀ သုတစုံကြွယ်သိစေဖွယ် (စာရေးဆရာရဲ့ ပီတိ-ချစ်နိုင်-စိတ်ပညာ)
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (ဟိန်းဝေယံ) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (အယ်လ်ခွန်းရီ) စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား (စီးပွားဖြစ် ကွဲကောစိုက်ပါ)
၂၀း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀ ရင်တွင်းခံစား တေးသီချင်းများ (မိရှုပါထွန်း)
၂၁း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

အဆောက်အအုံပြိုကျပြီး ပိတ်မိသူများကို ဝင်ရောက်ကယ်ဆယ်သူများအား ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် မတ် ၁၉

မတ် ၁၄ရက်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ကုန်သည်လမ်းနှင့် လမ်း ၃၀ထောင့်ရှိ သုံးထပ်အဆောက်အအုံပြိုကျပြီး ပိတ်မိနေသောလူများကို ဝင်ရောက်ကယ်ဆယ်ရာမှ ထိခိုက်ဒဏ်ရာရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော ပန်းဘဲတန်းမြို့နယ် အရန်မီးသတ် ဒုတိယတပ်ခွဲမှူး ဦးမင်းနောင်နှင့် အရန်မီးသတ်တပ်စုမှူး ဦးစိန်အောင်တို့အား ယမန်နေ့နံနက်က မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်း သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့ပြင် အလှူရှင်များကလည်း အချိုရည်နှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

● ရွှေဖုံးမှ

ဖွင့်လှစ်ပေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးဦးအောင်သောင်း၊ ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်၊ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် မက်(စ်)မြန်မာကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က မက်(စ်)ဘိလပ်မြေစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မက်(စ်) ဘိလပ်မြေစက်ရုံကမ္ပည်း မော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအတွင်း စက်များလည်ပတ်နေမှု၊ ပင်မထိန်းချုပ်ခန်းနှင့် ဓာတ်ခွဲစမ်းသပ်ခန်းတို့ကိုလည်းကောင်း၊ ထုပ်ပိုးဌာနနှင့် အိတ်ချုပ်စက်ရုံတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တည်ရှိ

အဆိုပါမက်(စ်)ဘိလပ်မြေစက်ရုံသည် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္တိကျေးရွာ အရှေ့ဘက် ရန်ကုန်-မန္တလေး ကားလမ်းမှ ၉မိုင်ခန့်အကွာ တောင်ဖီလာဒေသ အောင်နန်းချိုကျေးရွာအနီး၌ တည်ရှိသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မက်(စ်) ဘိလပ်မြေစက်ရုံ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မက်(စ်)ဘိလပ်မြေစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် မက်(စ်) မြန်မာကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဇော်တို့ မက်(စ်)ဘိလပ်မြေစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများက စက်ရုံကမ္ပည်း မော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမုခ်ဦးရှေ့တွင် စက်ရုံကို ၂၀၀၈ခုနှစ် ဇွန် ၁၈ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁ရက်တွင် စက်စတင်စမ်းသပ်လည်ပတ်ခဲ့ရာ ယခုအခါ တပ်ဆင်စက်စွမ်းအား စံချိန်စံညွှန်းများနှင့်အညီ တစ်နေ့လျှင်ဘိလပ်မြေတန် ၅၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တပ်ဆင်စက်စွမ်းအား စံချိန်စံညွှန်းများနှင့် အညီ တစ်နေ့လျှင် ဘိလပ်မြေတန် ၅၀၀ ထုတ်လုပ်သွားမည်။

မြန်မာ-နီပေါ သံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့်အထိမ်းအမှတ် ဧည့်ခံပွဲကျင်းပ

ရန်ကုန် မတ် ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ်(၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာနီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စဂုနလက်ရှမီးရှားမားက ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဧည့်ခံပွဲအခမ်းအနားကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသည့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဒီလီဗဟာဒူးမာဟတ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းနှင့် နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

စုပေါင်းဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာနီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စဂုနလက်ရှမီးရှားမားတို့က နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ရွှေရတုသဘင်အထိမ်းအမှတ် ကိတ်မုန့်ကို ဓားဖြင့်လှီးဖြတ်ပေးကြပြီးနောက် ဧည့်ခံပွဲသို့ ကြွရောက်လာကြသည့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့်ဇနီး၊ ခင်ပွန်းတို့နှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ကြွရောက်လာသည့် ဧည့်သည်တော်များအား ညစာဖြင့်တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Guna Laxmi Sharman ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ချုကလီးယားစက်ရုံသစ်များ တည်ဆောက်မည်

အီရန်ပထမ ဒုတိယသမ္မတကြေညာ

တီဟီရန် မတ် ၁၉

အီရန်နိုင်ငံသည် လာမည့်နှစ်အတွင်း နျူကလီးယားစက်ရုံသစ်များ တည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်ပထမ ဒုတိယသမ္မတ မိုဟာမက်ရီဇာရာဟီမီက ပြောကြားသည်။

အဆိုပါနှစ်သစ်ကာလအတွင်း နျူကလီးယားစက်ရုံသစ်များ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အီရန်နိုင်ငံသည် အင်အားကြီး နိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုကို ခွင့်မပြုဘဲ မိမိလမ်းကို မိမိဆက်လျှောက်သွားမည်ဖြစ်ကြောင်း မိုဟာမက်ရီဇာရာဟီမီက ပြောကြားသည်ဟု အိုင်အာရ်အေသတင်းဌာနက ကိုးကားဖော်ပြသည်။

ထည့်သွင်းဖော်ပြ

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်ရေး အတွက် ကြိုးပမ်းနေခြင်း မဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်း များအတွက်သာ နျူကလီးယားစွမ်းအင်ကို လိုလားနေခြင်းဖြစ် ကြောင်း အဆိုပါသတင်း၌ ထည့်သွင်းဖော်ပြသည်။

အမိန့်ပေးထား

မိမိတို့အနေဖြင့် သန့်စင်ပြီးယူရေနီယံ ၂၀ရာခိုင်နှုန်းအဆင့်ကို လိုအပ်နေကြောင်း၊ သို့ရာတွင် ရောင်းသူမရှိကြောင်း၊ ထို့ကြောင့် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က နျူကလီးယားလောင်စာ ထုတ်လုပ်ရေးကိစ္စကို ဆောင်ရွက်ရန် အမိန့်ပေးထားခြင်းဖြစ် ကြောင်း အီရန်ပထမ ဒုတိယသမ္မတက ပြောကြားသည်။

(အင်တာနက်)

မလေးရှားနိုင်ငံ ပူရာဂျာယာမြို့၌ ကျင်းပမည့် နိုင်ငံတကာ မိုးပျံပူဖောင်းလွှတ်တင်ပွဲအတွက် ပြင်ဆင်ထားရှိမှုကို မတ် ၁၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားချေချင်းညာဒေသ၌ စစ်ဆင်ရေးပြုလုပ် စစ်သွေးကြွခေါင်းဆောင် သေဆုံး

မော်စကို မတ် ၁၉

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ် ချေချင်းညာဒေသ၌ ရုရှားတပ်ဖွဲ့၏ ထိုးစစ်ဆင်နှိမ်နင်းမှုအတွင်း အယ်လ်ခိုင်ဒါ စစ်သွေး ကြွခေါင်းဆောင်တစ်ဦးကို သုတ်သင်ရှင်းလင်းခဲ့ကြောင်း ဒေသ ဆိုင်ရာ သတင်းဌာနက မတ် ၁၈ရက်၌ ဖော်ပြသည်။

ထုတ်လွှင့်

အဆိုပါဒေသတောတောင်များ၌ မတ် ၁၇ရက်မှ စတင်ပြု လုပ်သော ထိုးစစ်ဆင်နှိမ်နင်းမှုအတွင်း စစ်သွေးကြွခြောက်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်ဟု ရုရှားရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။ **အမ်အင်အန်အေ၊ ဆင်ဟွာ**

အနုပညာ လက်ရာပြပွဲ

ဂျပန်နိုင်ငံ အိုယားမားမြို့ ရှိ ပန်းပု အနုပညာ လက်ရာ ပြပွဲကို မတ် ၁၈ ရက် က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဆိုမာလီယာတွင် သတင်းစာဆရာနှစ်ဦး အဖမ်းခံရမှု

အိုင်အက်ဖ်ဂျေ ပြစ်တင်ရှုတ်ချ

နိုင်ရိုဘီ မတ် ၁၉

နိုင်ငံတကာ သတင်းစာဆရာများ အဖွဲ့ချုပ် (အိုင်အက်ဖ်ဂျေ)က ဆိုမာလီယာ နိုင်ငံတွင် သတင်းစာဆရာနှစ်ဦးအား ဖမ်းဆီး မှုကို ရှုတ်ချလိုက်သည်။ မကြာမီက ဆိုမာလီယာနိုင်ငံတွင် သတင်းစာဆရာ နှစ်ဦးထိန်းသိမ်းခံရပြီးနောက် ဆိုမာလီယာ ရှိ သတင်းစာဆရာများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့နှင့် ပတ်သက်၍ စိုးရိမ်မကင်းရှိကြောင်း အိုင်အက်ဖ်ဂျေက ထုတ်ဖော်ပြောကြား သည်။

သတင်းစာ ဆရာများအပေါ် အကြမ်း ဖက်မှုသည် လက်ခံနိုင်စရာမရှိဟု ကြေညာ ချက်တွင် ဖော်ပြသည်။ သတင်းစာဆရာ များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန် ထမ်းဆောင်ရန် တန်ဖိုးကြီးစွာပေးဆပ်နေရ ပြီး ဆိုမာလီယာနိုင်ငံ၏ အခြေအနေကို လျင်မြန်စွာ ကုစားဖြေရှင်းရန် လိုအပ်နေ သည်ဟု ဖော်ပြထားသည်။ **(အင်တာနက်)**

အီရန်-ပါကစ္စတန် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေး သဘောတူစာချုပ်ချုပ်ဆို

တီဟီရန် မတ် ၁၉

အီရန်နှင့်ပါကစ္စတန်နိုင်ငံတို့သည် မိမိတို့အိမ်နီးချင်းနှစ်နိုင်ငံအကြား ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု တည်ဆောက်မည့်သဘော တူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း၊ ယင်းပိုက်လိုင်းတည်ဆောက်ရေးစီမံကိန်းသည် အမေရိကန်နိုင်ငံက အပြင်းအထန် ဆန့်ကျင်သည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။

အီရန်နိုင်ငံ၏ ဆောက်သ်ပါးစ် ဓာတ်ငွေ့သိုက်နှင့် ပါကစ္စတန် နိုင်ငံ ဘလူချစ္စတန်နှင့် ဆင်းပြည်နယ်များကို ဆက်သွယ်မည့် အဆိုပါဓာတ်ငွေ့ပိုက်လိုင်းသည် နှစ်နိုင်ငံစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်ကြိုးပမ်းရာ၌ အဓိကကျကြောင်း ပါကစ္စတန် နိုင်ငံက ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုသည် မိမိတို့၏ အကျိုးစီးပွားကို ဖြည့်ဆည်းပေးကြောင်း၊ ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အဗ္ဗဒူဘာဆစ်က မတ် ၁၆ရက်၌ စာချုပ်လက်မှတ်ရေးထိုးပြီးနောက် ပြောကြားသွားသည်။

စတင်မည်

ဤစီမံကိန်းတည်ဆောက်မှုကို ယခုနှစ်တွင် စတင်မည် ဖြစ်ကြောင်း ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းစတင်လည်ပတ်နိုင်မည် ဖြစ်ကြောင်းဖြင့်လည်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

(အင်တာနက်)

စင်ကာပူနိုင်ငံ၌ ဖွင့်လှစ်သည့် ယူနီဗာဆယ်စတူဒီယိုဥယျာဉ် ဖွင့်ပွဲအခမ်းအနား၌ နဂါးအကဖြင့် ဖျော်ဖြေနေသည်ကို မတ် ၁၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဟွန်ဒါမော်တော်ယာဉ် ဘရိတ်တုံးများချွတ်ယွင်းချက်

အသုံးပြုသူများ တင်ပြ

ချီကာဂို မတ် ၁၉

ဟွန်ဒါကုမ္ပဏီထုတ် မော်တော်ယာဉ်များနှင့်ပတ်သက်၍ ဘရိတ်တုံးပျော့သည်ဟု ဆိုကာ ဝယ်ယူသူများ၏ မကျေနပ်ချက်များ ပေါ်ပေါက်လာခြင်းကြောင့် အမေရိကန်နိုင်ငံရှိ ဟွန်ဒါကုမ္ပဏီထုတ် မော်တော်ယာဉ်အစီး ၄၁၂၀၀၀ကို ပြန်လည်သိမ်းယူပြုပြင်သွားမည် ဖြစ်ကြောင်း ဟွန်ဒါကုမ္ပဏီက မတ် ၁၆ရက်၌ ပြောကြားသည်။

ပြောကြား

ဟွန်ဒါကုမ္ပဏီသည် ဂျပန်နိုင်ငံ၏ ဒုတိယမြောက်အကြီးဆုံး မော်တော်ယာဉ် ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည်။ မိမိတို့ အနေဖြင့် ဟွန်ဒါမော်တော်ယာဉ်များ ကြံ့ခိုင် မှုအခြေအနေကို ပြန်လည်ပြုပြင်နိုင်ရေး အတွက်အမေရိကန်ပြည်ထောင်စုရှိ ၂၀၀၇- ၂၀၀၈ ပုံစံထုတ် အိုဒက်ဆီအမျိုးအစား ယာဉ်အစီး ၃၄၄၀၀၀နှင့် အယ်လီမင့် အမျိုး အစား အစီး ၆၈၀၀၀ကို ပြန်လည်သိမ်းယူ သွားမည်ဟု အဆိုပါကုမ္ပဏီက ပြောကြား သည်။

ပြောဆို

ဟွန်ဒါမော်ယာဉ်သုံးစွဲသူများက ဟွန်ဒါ မော်တော်ယာဉ်များ၏ ဘရိတ်တုံးများတွင် ချွတ်ယွင်းချက်ရှိနေကြောင်း၊ ဘရိတ်တုံးများ ပျော့လွန်းကြောင်း၊ ပုံမှန်ခြေနင်းအဆင့်ထက် နိမ့်နေကြောင်း ပြောဆိုကြသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ချီလီငလျင်ကြောင့် ကလေး ၈၄၀၀၀၀ ကျောင်းမတက်ကြရ

စန်တီယာဂို မတ် ၁၉

ချီလီနိုင်ငံတွင်လှုပ်ခဲ့သော ငလျင်ဒဏ် ကြောင့် ကျောင်းနေအရွယ်ကလေးငယ် စုစု ပေါင်း ၈၄၀၀၀၀မှာ ကျောင်းမတက်ကြရ ကြောင်း သတင်းရရှိသည်။

အကောင်အထည်ဖော်

ချီလီအစိုးရအနေဖြင့် စာသင်ကျောင်း နှင့် ကောလိပ်များ ပြန်လည်တည်ဆောက် ရန် အမေရိကန်ဒေါ်လာ သုံးဘီလီယံကုန်ကျ မည်ဖြစ်သည်။ စာသင်ကျောင်းများကို ဧပြီ ၂၆ရက်မတိုင်မီ ပြန်လည်ဖွင့်လှစ်ပေးမည်ဟု သမ္မတဆီဘတ်စ်ပီနီရီးယား၏ ကတိပေးချက် အတိုင်း အကောင်အထည်ဖော်မည်ဟု ပညာ ရေးဝန်ကြီးက မတ် ၁၇ရက်တွင်ပြောကြား သည်။

ဖွင့်လှစ်နိုင်ခြင်းမရှိသေး

ငလျင်ဒဏ်အများဆုံးခံရသည့် မိုးလ်နှင့် ဘိုင်အိုဘိုင်အိုဒေသများရှိ ကျောင်းများမှာ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ **(အင်တာနက်)**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုး မြို့၌ အဆောက်အအုံ မီးလောင်မှုဖြစ် ပွားရာ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ် ၁၈ရက် က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်၌ နိုင်ငံတကာ နည်းပညာပြပွဲ ကျင်းပမည်

ဟနွိုင်း မတ် ၁၉

ဗီယက်နမ်အစိုးရသည် စတုတ္ထကြိမ်မြောက် နိုင်ငံတကာနည်းပညာထုတ်လုပ်မှုပြပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားကြောင်း မတ် ၁၈ရက်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော် ပြောကြားသည်။

ပါဝင်ပြသ

အဆိုပါပြပွဲကို ၂၀၁၀ခုနှစ် မေ ၂၀ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံ ၂၀မှ ကုမ္ပဏီပေါင်း ၂၀၀ခန့် ပါဝင်ပြသမည်ဖြစ်သည်။

အပြန်အလှန်ဖလှယ်

ယင်းနည်းပညာပြပွဲကို ကျင်းပခြင်းအားဖြင့် တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများကဲ့သို့သော စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအကြား ဆန်းသစ်တီထွင်မှုများ၊ ထုတ်လုပ်မှုနည်းစနစ်များနှင့် နောက်ဆုံးပေါ် နည်းပညာဝန်ဆောင်မှုများကို အပြန်အလှန် ဖလှယ်နိုင်ကြမည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဥရောပတစ်ဝန်း လူဆိုးဂိုဏ်းဝင်များအားဖမ်းဆီး

ဩစတြီးယားနှင့်စပိန် အများဆုံးပါဝင်

မက်ဒရစ် မတ် ၁၉

ဥရောပတစ်ဝန်းရှိ ရဲတပ်ဖွဲ့များသည် ခြိမ်းခြောက်ငွေညှစ်မှုများမှသည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုများအထိ ပြုလုပ်သော ဒုစရိုက်ဂိုဏ်းများတွင် ပါဝင်သည်ဟုယူဆရသည့် ဂျော်ဂျီယာဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင် ၈၀ ထက်မနည်းကို ဖမ်းဆီးလိုက်ကြောင်း စပိန်ရဲတပ်ဖွဲ့က မတ် ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ကျူးလွန်

ယင်းဖမ်းဆီးမှုသည် ဥရောပတွင် ဖြစ်ပွားနေသော ဂိုဏ်းဖွဲ့ရာဇဝတ်မှုများအား နှိမ်နင်းရာ၌ အရေးကြီးဆုံးစစ်ဆင်မှုဖြစ်သည်။ ယင်းဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်သည့်ဂိုဏ်းများတွင် နိုင်ငံခုနစ်နိုင်ငံပါဝင်ကြောင်း ရဲမင်းကြီးအီလွိုင်ကွီရို့စ်က သတင်းစာဆရာများအား ပြောကြားသည်။

ဖမ်းဆီးခံရသူအများစုမှာ ဩစတြီးယားနှင့် စပိန်နိုင်ငံတို့မှဖြစ်သည်။ ဩစတြီးယားမှ ၂၅ ဦးနှင့် စပိန်မှ ၂၄ဦးပါဝင်သည်။ ထိုးစစ်ဆင်မှုများကို မတ် ၁၅ရက် အရုဏ်တက်ချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပါဝင်

ထို့အပြင် ဂျာမနီနိုင်ငံမှ ၁၇ ဦး၊ ဆွစ်ဇာလန်မှ ကိုးဦး၊ အီတလီမှ လေးဦးနှင့် ပြင်သစ်မှတစ်ဦးဖမ်းမိသည်။ ဒုစရိုက်နှိမ်နင်း ရေးတွင် ဂရိနိုင်ငံလည်း ပါဝင်သည်ဟု သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

မောက်မယ်မြို့ အထက ကျောင်းဆောင်သစ် ပြီးမြောက်ရေးအလှူငွေပေးအပ်

မောက်မယ် မတ် ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ပြီးမြောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးတင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အုန်းသွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေများ ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဗိုလ်မှူးကြီးတင်ဆွေက လှူဒါန်းငွေကျပ်တစ်သိန်းကို မြို့မိမြို့ဖ ဦးလေးသန်း(ဝဲပုံ)ကလက်ခံယူပြီး စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေများကို တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်က အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါအခမ်းအနားတွင် အလှူရှင် ၇၆ဦး တို့၏ စုပေါင်းလှူဒါန်းငွေမှာ ကျပ် ၂၅၅၈၀၀၀ ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

၁၉၇၅-၁၉၇၉ ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၉

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၇ရက်က ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂)ရပ်ကွက်ရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဓမ္မာရုံကြီး၌ကျင်းပရာ ရှေးဦးစွာအခမ်းအနားမှူး ကျောင်းသူဟောင်း ဒေါ်မြင့်မြင့်အေးက ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရှိန်းယောက လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကျောင်းသူဟောင်း ဒေါ်သီတာရီက ကန်တော့ချီးတိုင်ပေးကာ ကျောင်းသား ကျောင်းသူများက ရွတ်ဆိုကာ ပူဇော်ကန်တော့ကြသည်။

ပြောကြား

ဆက်လက်၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၄ဦးတို့အား စုပေါင်းလှူဒါန်းသည့် ငွေနှင့် တစ်ဦးချင်းလှူဒါန်းထားသည့် ပစ္စည်းများဖြင့် ဂါရဝပြုလက်ဆောင်ပေးအပ်ပြီး **(အပေါ်ပုံ)**အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဒေါက်တာမောင်ဒီ၊ ဒေါက်တာကိုကိုကြီးနှင့် ဒေါက်တာမင်းမြင့်တို့က ဩဝါဒစကား အသီးသီးပြောကြားကြကာ ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဦးခင်မောင်ဝင်း၊ ဒေါ်ချယ်ရီထွန်းနှင့် ဒေါ်ရူပါသီတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ **(မြန်မာ့အလင်း)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ရန်ကင်းမြို့နယ်ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၁၉

ရန်ကင်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၇ရက် မွန်းတည့် ၁၂နာရီက အမှတ်(၁၂)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးလုပ်ငန်း(၅)ချက်နှင့် စာကြည့်တိုက်များတွင် စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်အသစ်တိုးပွားရေး၊ စာဖတ်ပရိသတ်တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမင်းဇော်က စာအုပ်စာစောင်များတိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော မြင်ကွန်းကျေးရွာနှင့် အင်ကုန်းကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမင်းမင်းသန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တွံတေးမြို့ အုန်းပင်စုပိုင်း မင်းရဲကျော်စွာလမ်းနေ ဦးဝါပန် - (ဒေါ်တင်) မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အထွေထွေသုံးစွဲရန် ငွေကျပ် ၂၁၅၀၀၀ လှူဒါန်းရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက လက်ခံယူစဉ်။ (၁၀၅)

ရေနံ့သာဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၉

ရေနံချောင်းမြို့ ရေနံ့သာဂေါက်ကွင်းတွင် ဦးမောင်မောင်နိုင် (ဆုလာဘ်ရတနာရွှေဆိုင်)သည် ဖေဖော်ဝါရီ ၂၆ ရက်က ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)၊ ဦးအုန်းမြင့်(စက်ရုံမှူး-ငြိမ်း)၊ ဦးအုံကျော်(စန်းသီရိဖက်ရှင်စတိုး)တို့နှင့်အတူ ကစားစဉ် ကျင်းအမှတ်(၃) ၁၈၇ကိုက်၊ ပါ(၃)ချက်ကျင်းကိုတီခံပေါ်မှ Wilson High Modulus Woods 5 နှင့် Srixon Soft-Feel No.3 Ballကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော မြို့မဈေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၈ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမင်းဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလွှန်ဆန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

တရုတ်နိုင်ငံလုပ် ရဟတ်ယာဉ် စမ်းသပ်ပျံသန်း

တရုတ်နိုင်ငံမှပထမဆုံးထုတ်လုပ်သည့် မြို့ပြလေကြောင်းသုံးရဟတ်ယာဉ်တစ်စင်းကို ကျန်စီပြည်နယ် ကျင်းဒီကျန်မြို့လေဆိပ်၌ မတ် ၁၉ရက်က စတင်စမ်းသပ်ပျံသန်းကြောင်း၊ ယင်းရဟတ်ယာဉ်သည် ခရီးသည် ၂၇ ဦးနှင့် ကုန်ပစ္စည်း ၁၃ တန်ကျော်ကို သယ်ဆောင်ပျံသန်းနိုင်ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

တရုတ်နှင့်ကမ္ဘောဒီးယား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

တရုတ်နှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံတို့သည် အပြန်အလှန်ဆက်ဆံရေး တိုးတက်အောင် ဆောင်ရွက်ပြီး အနာဂတ်ကာလ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံကိုယ်စားလှယ်များက မတ် ၁၉ရက်၌ သဘောတူညီလိုက်ကြသည်။

ဆိုယုဇ်အာကာသယာဉ် မြေပြင်သို့ ပြန်လည်ဆင်းသက်

ရုရှားနိုင်ငံမှ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်ထားသော ဆိုယုဇ်တီအမ်အေ-၁၆ အာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ လုပ်ငန်းတာဝန်များပြီးဆုံး၍ ကာဇက်စတန်နိုင်ငံ ကာဇက်မြို့အနီးသို့ မတ် ၁၉ရက် မော်စကိုစံတော်ချိန် ၁၁နာရီ ဝ၃မိနစ်၌ ပြန်လည်ဆင်းသက်လာကြောင်း ရုရှားအာကာသရေးရာ အရာရှိများက ပြောကြားသည်။

အေသင်မြို့လယ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွား

ဂရိနိုင်ငံ အေသင်မြို့လယ်ရှိ အိုမိုးနီးယားရင်ပြင်၌ လက်ယာအုပ်စု ဂိုးလ်ဒင်းဒွန်းအဖွဲ့၏ ရုံးခန်းအပြင်ဘက်တွင် မတ် ၁၉ရက် နံနက် ၉ နာရီခန့်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသည်။ ထိခိုက်သေဆုံးသည့် သတင်းမရရှိသေးဟုဆိုသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘလူချစ္စတန်ပြည်နယ် ကူဇက်ဒါမြို့တွင် မတ် ၁၉ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်ဒုတိယဝန်ကြီးချုပ် ကမ္ဘောဒီးယားခရီးစဉ်ပြီးဆုံး

ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်ဆောက်အန်၏ ဖိတ်ကြားချက်အရ တရုတ်ဒုတိယဝန်ကြီးချုပ်ဟွေးလျန်ယုသည် ကမ္ဘောဒီးယားနိုင်ငံသို့ သုံးရက်ကြာ လာရောက်လည်ပတ်ပြီးနောက် ခရီးစဉ်ပြီးဆုံးကာ မတ် ၁၉ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီယင်ရက်မှ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်ဖြင့် ပစ်ခတ်

အစ္စရေးနိုင်ငံတောင်ပိုင်း အက်ကီလွန်မြို့သို့ ပါလက်စတိုင်းလက်နက်ကိုင်များက မတ် ၁၉ရက်နံနက်တွင် ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည်ဖြင့် ပစ်ခတ်ရာ အစ္စရေးအရပ်သားတစ်ဦးသေဆုံးခဲ့ကြောင်း အစ္စရေးစစ်ဘက်မှ ပြောကြားသည်။

ဘိုးရင်း-၇၃၇ လေယာဉ်များလုံခြုံမှုစစ်ဆေး

အမေရိကန်နိုင်ငံ ဘိုးရင်းကုမ္ပဏီမှ ထုတ်လုပ်သော ဘိုးရင်း-၇၃၇ လေယာဉ်အစင်း ၄၀၀ အား လေယာဉ်အင်ဂျင်ပိုင်းဆိုင်ရာ ထိန်းချုပ်မှုစနစ်များ စိတ်ချလုံခြုံမှုရှိမရှိကို ပြန်လည်စစ်ဆေးလျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှအရာရှိများက မတ် ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

နယူးယောက်၌ လေယာဉ်ငယ် ပျက်ကျ

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်နှင့် ကီလိုမီတာ ၁၂၀ ကွာဝေးသော လာကရက်မြို့တွင် ပုဂ္ဂလိကပိုင်လေယာဉ်ငယ်တစ်စင်း မတ် ၁၈ရက်က ပျက်ကျခဲ့ကြောင်း၊ အဆိုပါ အင်ဂျင်နှစ်လုံးတပ်လေယာဉ်ငယ်သည် လာကရက်မြို့ကျေးရွာအနီး စကိုင်အယ်ခရီလေဆိပ်မှအတက် စကစ်မိုလ်လမ်းမကြီးနှင့် မလှမ်းမကမ်းရှိ တောအုပ်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

■ *ကျောက်ဖုံးမှ*

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံမှ ပညာရှင်များ၊ စက်ရုံမှူးများနှင့် စက်ရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောက်ဆည်ရောမောင် ဆင်ကအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံနှင့် ဥသာ LED စက်ရုံတို့ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေး စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ပက်ဖျန်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ဝန်ကြီးဦးသောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် စက်ရုံအတွင်း စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီ ပြည်တွင်း၌ ပထမဆုံးထုတ်လုပ်ထားသည့် မီးလောင်မှုအားပေးခြင်းမရှိသော အခန်းအတွင်း၊အပြင် သစ်သားအစားထိုးအသုံးပြုနိုင်သည့် Plastic Wood Composite များဖြင့် အလှဆင်ထားရှိမှု၊ပလတ်စတစ် လူသုံးကုန်ပစ္စည်းများ ဖြစ်သည့် ပလတ်စတစ်ကုလားထိုင်များ၊ ကျောင်းသုံးစာရေးစားပွဲများ၊ စားပွဲဝိုင်း အနိမ့်အမြင့်များ၊ ပစ္စည်းတင်စင်များ၊ ပန်းကန်များ၊ ဘူးအမျိုးမျိုး၊ ခြင်းအမျိုးမျိုး၊ ရေဇလုံအမျိုးမျိုး၊ LED စက်ရုံမှ ထုတ်လုပ်သည့် LED မီးအိမ်သုံး ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စက်ရုံမှ ထပ်မံထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် PVC ပိုက်များ၊ ပိုက်ဆက်ပစ္စည်းများနှင့် ရေဘားများ ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် ခေတ်မီ Injection စက်သစ်ကြီးများဖြင့် ပလတ်စတစ်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ အလုပ်ရုံအမှတ်(၃)၌ Extrusion စက်သစ်ကြီးများဖြင့် သစ်အစားထိုး Plastic Wood Composite များ ထုတ်လုပ်နေမှုနှင့် ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကိုလည်းကောင်း၊ အလုပ်ရုံအမှတ်(၂)၌ ကုန်ချောပစ္စည်းများ ပြုလုပ်ရာ၌ ပိုလျှံသည့် ပလတ်စတစ်များကို စက်ကြီးများဖြင့် ကုန်ကြမ်းပစ္စည်းများ ပြုလုပ်နေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဥသာ LED စက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယ

ခေတ်မီ Injection စက်သစ်ကြီးများဖြင့် ပလတ်စတစ်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဥသာ LED စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်ကြီးတင်အေးက ဥသာ LED စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ ဝန်ကြီး ဦးသောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ဥသာ LED စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်တိုးချဲ့ထုတ်လုပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအား ဥသာ LED စက်ရုံခန်းမ၌ ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး စိန်လှိုင်(ငြိမ်း)က စက်ရုံတည်နေရာ၊အကျယ်အဝန်း၊ စက်ရုံသမိုင်း၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ စက်ရုံအတွင်းရှိ စက်များမှ ကုန်ပစ္စည်းထုတ်လုပ်နိုင်မှု အခြေအနေ၊ နှစ်အလိုက် ကုန်ပစ္စည်းထုတ်လုပ်နိုင်မှု အခြေအနေ၊ သစ်အစားထိုး အသုံးပြုနိုင်သည့် Plastic Wood Composite ထုတ်လုပ်နိုင်မှုနှင့် ဆက်လက်တိုးချဲ့ထုတ်လုပ်သွားမည့် အခြေအနေတို့ကိုလည်းကောင်း၊ ဥသာ LED စက်ရုံ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး သိန်းဝင်း(ငြိမ်း)က စက်ရုံတည်နေရာ၊ အကျယ်အဝန်း၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ထုတ်လုပ်မှု အထောက်အကူပြုစက်များ တပ်ဆင်ပြီးစီးမှု၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် လမ်းမီးတိုင်သုံး ဝပ်၆၀၊ ဝပ်၁၂၀ နှင့် ဝပ်၁၈၀မီးသီးများ၊ အိမ်သုံး 3W နှင့် 5W မီးသီးများနှင့် ဆိုလာပြားဖြင့် အားသွင်းနိုင်သည့် မီးအိမ်များ ထုတ်လုပ်နေမှု အခြေအနေနှင့် ဆက်လက်တိုးချဲ့

စာမျက်နှာ ၇ ကော်လံ ၁

Extrusion စက်သစ်ကြီးများဖြင့် သစ်အစားထိုး Plastic Wood Composite များ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စဉ့်ကိုင်မြို့နယ်ရှိ ဥသာ LED စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၅	၇။	ကဗျာပန်းဥယျာဉ်
၈:၃၀	၈။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၉။	International News
၈:၄၅	၁၀။	Connect with English (Episode-33) (A Breakdown)
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၁၅	၂။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၀	၃။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀	၄။	Yan Can Cook
၁၂:၄၅	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၈၁)
၁၃:၄၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၃:၅၀	၇။	**အမြင်** မင်းသူ၊ ဦးစောနိုင်၊ ညီရော်၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-သက်တင်)
၁၄:၂၀	၈။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၁၄:၃၅	၉။	အတီးပြိုင်ပွဲ
၁၄:၅၅	၁၀။	International News
၁၅:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။	Myanmar National League MNL CUP (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေ F.C နှင့် မကွေး F.C)
၅:၁၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	**အလှရှာမယ် လှကမ္ဘာဝယ်**
၆:၄၀	၆။	**ယဉ်တစ်ကိုယ်မယ်** (နိဘယ်ကျော်ကျော်) (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား**(အပိုင်း-၂၀)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	**သစ္စာမော်ကွန်း** (ဇာတ်သိမ်းပိုင်း) သူထူးစံ၊ မင်းဟိဏ်း၊ သားညီ၊ ပြေတီဦး၊ နန္ဒ၊ သက်မွန်မြင့် (ဒါရိုက်တာ-ညိုမင်းလွင်)
	၁၂။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၃။	အစီအစဉ်ပြီး၏။

စာမျက်နှာ ၆ မှ

ထုတ်လုပ်သွားမည့် လုပ်ငန်းအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပန်းခြင်းပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက ဥသာ LED စက်ရုံ စက်တပ်ဆင်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကိုရီးယားသမ္မတနိုင်ငံမှ ပညာရှင်များအား ဂုဏ်ပြုသစ်သီးပန်းခြင်း ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် LED စက်ရုံအတွင်း စက်ရုံဝန်ထမ်းများက ခေတ်မီနည်းပညာသုံးစက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ဝပ် ၆၀၊ ဝပ် ၁၂၀နှင့် ဝပ် ၁၈၀ LED မီးသီးများ၊ 3W နှင့် 5W အိမ်သုံး LED မီးသီးများနှင့် လျှပ်စစ်၊ နေရောင်ခြည်တို့ဖြင့် အားသွင်းနိုင်ပြီး ဆိုလာပြားပါရှိသည့် မီးအိမ်များ ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ နေရောင်ခြည်မှ ဆိုလာပြားဖြင့် လျှပ်စစ်ထုတ်ယူ အသုံးပြုနိုင်သည့် လမ်းမီးတိုင်များကိုလည်းကောင်း၊ နေရောင်ခြည်မှ ဆိုလာပြားဖြင့် လျှပ်စစ်ထုတ်ယူပြီး နေအိမ်သုံး LED မီးချောင်းများ မီးထွန်းထားရှိမှု တို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံကို ၂၀၀၆ခုနှစ် အောက်တိုဘာလမှစတင်၍ အပိုင်းလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် စက်တင်ဘာလမှစတင်၍ Injection စက် ၁၄လုံးဖြင့် လူသုံးကုန်ပစ္စည်း ၂၆မျိုးနှင့် ရာသီဥတုဒဏ်ခံနိုင်ပြီး မီးလောင်မှုအားပေးခြင်းမရှိသော အခန်းအတွင်း၊ အပြင် အလှဆင်ရာတွင် သစ်သားအစားထိုးအသုံးပြုနိုင်သည့် Plastic Wood Composite များဖြစ်သော Floor Panel၊ Wall Panel၊ Decoration Strip၊ Corner Strip ၁၃မျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။

ဖြန့်ဖြူးရောင်းချ

ထို့အပြင် ထပ်မံ၍ ဒီဇိုင်းဆန်းသစ်မှုရှိသော ပလတ်စတစ် လူသုံးကုန်ပစ္စည်း ၂၅မျိုး၊ PVC ပိုက်၊ ပိုက်ဆက်ပစ္စည်းနှင့် PVC ရေဘားများကိုလည်း ထပ်မံထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဥသာ LED စက်ရုံကို ၂၀၀၉ ခုနှစ် ဇွန်လမှစတင် တည်ဆောက်ခဲ့ပြီး ယခုအခါ စက်ရုံတည်ဆောက်မှု၊ စက်ပစ္စည်းများတပ်ဆင်မှု ပြီးစီး၍ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါစက်ရုံမှ လမ်းမီးတိုင်များတွင် အသုံးပြုနိုင်သည့် ဝပ် ၆၀၊ ဝပ် ၁၂၀ နှင့် ဝပ် ၁၈၀ LED မီးသီးများ၊ 3W နှင့် 5W အိမ်သုံး LED မီးသီးများနှင့် လျှပ်စစ်၊ နေရောင်ခြည်တို့ဖြင့် အားသွင်းနိုင်သည့် ဆိုလာပြားပါရှိသည့် မီးအိမ်တို့ကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

LED မီးသီးများကို အသုံးပြုခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားများစွာ သက်သာပြီး သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ပျောက်ကွယ်သွားပြီဖြစ်သော ဒိုင်နိုဆောကဲ့သို့သော သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းဥခွံများကို ဒီအင်န်အေ စစ်ဆေးနိုင်သည် ဟူ၏။

အဆိုပါ စမ်းသပ်တွေ့ရှိချက်ကြောင့် ဒိုင်နိုဆောသတ္တဝါကြီးများနှင့် မျိုးသုဉ်းပျောက်ကွယ်သွားသည့် သတ္တဝါများ၊ ငှက်များ၏ မျိုးရိုးဗီဇနှင့် သက်တမ်းကို ခန့်မှန်းတွက်ချက်နိုင်တော့မည် ဖြစ်သည်။ *(အင်တာနက်)*

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၉

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် စုံညီအစည်းအဝေးပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ရုံးခန်းမဖြစ်သည့် အမှတ် (၀၀၁) တိုက်အမှတ် (၁၄/ဘီ) ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အိုင်တီနည်းပညာ အသစ်အဆန်းများ ခင်းကျင်းပြသထားသည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၉

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၁၀ခုနှစ် မတ်လ)ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၉ရက် နံနက် ၇နာရီခွဲမှ စတင်ကာ ခင်းကျင်းပြသနေပြီဖြစ်သည်။ လျှပ်စစ်မီးရောင်စုံများ ထိန်ထိန်လင်းနေသော ပြပွဲခန်းမအတွင်း၌ ပြခန်းပေါင်းများစွာတို့က နောက်ဆုံးပေါ် အိုင်တီထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာများကို ခင်းကျင်းပြသထားသည်မှာ အိုင်စီတီကမ္ဘာလေးတစ်ခုသို့ ရောက်ရှိသွားသကဲ့သို့ ခံစားရသည်။ ပြခန်းပေါင်း ၁၆၀ခန့်တို့က အိုင်တီပစ္စည်းမျိုးစုံကို မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားသည်မှာ စိတ်ဝင်စားစရာကောင်းသလို ဆွဲဆောင်မှုလည်းရှိသည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၁၀ခုနှစ် မတ်လ) ကျင်းပရာ တပ်မတော်ခန်းမ၌ လေ့လာသူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်။ (မြန်မာ့အလင်း)

ပြသ

အိုင်စီတီပြပွဲကျင်းပရာ ခန်းမအတွင်းရှိ ပြခန်းများကို လိုက်လံလေ့လာခဲ့ရာ အိုင်တီပစ္စည်းမျိုးစုံ ခင်းကျင်းပြသထားသော info-GATE ပြခန်းအတွင်း ဝင်ရောက်လေ့လာခဲ့သည်။ "ကျွန်တော်တို့ ပြခန်းမှာတော့ လက်တော့ပ်၊ ဒက်တော့ပ်နဲ့ ကွန်ပျူတာတွေ ပြသထားပါတယ်။ ဒါ့အပြင် ကွန်ပျူတာ ဆက်စပ်ပစ္စည်းတွေနဲ့ ip ကင်မရာတွေကိုလည်း ပြသထားတာမို့ ဒီပြခန်းမှာ အိုင်တီပစ္စည်း အမျိုးအစားပေါင်း ၃၀၀ခန့် ခင်းကျင်းပြသထားပါတယ်။ အဓိကအနေနဲ့ နောက်ဆုံးပေါ် လက်တော့ပ်၊ ဒက်တော့ပ်တွေကို ပြည်သူတွေနဲ့ မိတ်ဆက် ပြသပေးခြင်းပဲဖြစ်ပါတယ်"ဟု info-GATE ပြခန်းမှ မန်နေဂျာ ဦးသက်ထွန်းခိုင်က မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရှင်းပြသည်။

ပြပွဲလာ ပြည်သူများအတွက် အမျိုးအစား ၁၆မျိုးခန့်ရှိသော လက်တော့ပ်များကို info-GATE ပြခန်းတွင် ပြသထားသည်ကို တွေ့ရသည်။ ထို့အပြင် အိမ်၌ တပ်ဆင်ထားပြီး အိမ်အပြင်ခရီးသွားရင်း အိမ်များ၊ ရုံးများနှင့် လုပ်ငန်းခွင်များ၏ အခြေအနေကို ကြည့်ရှုနိုင်သည့် ip ကင်မရာများကိုလည်း ပြသထားသည်။ ပြပွဲကာလအတွင်း အထူးအစီအစဉ်အဖြစ် ဈေးနှုန်းလျှော့ချပေးထားကြောင်း၊ လက်ဆောင်များ၊ အိမ်အရောက် ဝန်ဆောင်မှုများ ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြပွဲခန်းမအတွင်း ပြခန်းဒီဇိုင်းပုံစံ လှပစွာ ပြင်ဆင်ခင်းကျင်းပြသထားသော Lucky Bird ပြခန်းကို ဆက်လက်ဝင်ရောက် လေ့လာခဲ့သည်။ ပြခန်းအတွင်း တိုရှီဘာအမှတ်တံဆိပ် လက်တော့ပ်များ၊ မိတ္တူကူးစက်များ၊ ပရိုဂျက်တာများနှင့် ဆက်စပ်ပစ္စည်းများ၊ အပျော်တမ်းရိုက်ကူးနိုင်သော တိုရှီဘာ Cancoder ကင်မရာများနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ ပြသထားသည်ကို တွေ့ရသည်။ အထူးသဖြင့် တိုရှီဘာ လက်တော့ပ်များ၊ တိုရှီဘာ နုတ်ဘွတ်များကို ပစ္စည်းအမျိုးအစားပေါင်း ၂၀၀ခန့် ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ အိုင်တီထုတ်ကုန် ပစ္စည်းများ ဝယ်ယူလျှင် အထူးဈေးနှုန်းနှင့် လက်ဆောင်ပစ္စည်းများ ပေးကြောင်း၊ တစ်နှစ်မှ သုံးနှစ်အထိ အာမခံသက်တမ်းပေးထားပြီး ယင်းကာလအတွင်း အခမဲ့ဝန်ဆောင်မှုပေးကြောင်း သိရသည်။

နောက်ဆုံးပေါ် လက်တော့ပ်များ၊ နုတ်ဘွတ်များကို ခင်းကျင်းပြသထားသော Lucky Bird ပြခန်း၌ အိုင်တီထုတ်ကုန်အသစ်များကို ပြသထားသည်မှာ····။ (မြန်မာ့အလင်း)

စိတ်ဝင်တစား

ပြပွဲခန်းမအတွင်း လာရောက်လေ့လာကြည့်ရှုသော ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုနေကြမှုကို စည်ကားစွာ တွေ့မြင်ရသည်။ ထို့နောက် MSI ပြခန်းအတွင်း ဆက်လက်လေ့လာခဲ့သည်။ MSI ပြခန်း၌ MSI အမျိုးအစား လက်တော့ပ်တွင် Prosscer Core i3၊ DDR3 12GB (harddisk 320)၊ MSI ၏ နောက်ဆုံးပေါ် လက်တော့ပ် CX 420 Windows 7 Licence Version နှင့် အသစ်ဝင်လာသည့် U 135 Netbook များ၊ Mother book မှ P55 ဆိုသည့် book ပြသထားသည်ကို တွေ့ရသည်။ P55-GD65 ကို R 5870-PM2D နှင့် GB/DDR5 ဂရပ်ဖစ်ကတ်နှစ်ခုနှင့် တွဲပြထားသည်ကိုလည်း တွေ့ရသည်။ တစ်ဖန်မော်နီတာလေးလုံးတွင် နှစ်လုံးပေါင်းမှ ရုပ်တစ်ခုတည်းထွက်သည့် (အိုင်အင်ဖယ်နတီ) နည်းပညာလည်း ပြသထားကြောင်း လေ့လာတွေ့ရှိရသည်။ လက်တော့ပ် အမျိုးအစားပေါင်း ကိုးမျိုးအား ပြသထားပြီး လက်ဆောင် ပစ္စည်းများလည်း ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ဆက်လက်ပြီး ပြပွဲခန်းမအတွင်း လေ့လာခဲ့ရာ နောက်ဆုံးပေါ် အိုင်တီထုတ်ကုန်ပစ္စည်းများကို အပြိုင်အဆိုင် ခင်းကျင်းပြသထားသည်မှာ လေ့လာ၍ မကုန်နိုင်ဖြစ်ရသည်။ တစ်ကြိမ်မျှ မမြင်ခဲ့၊ မသိခဲ့ရသည့် အိုင်တီထုတ်ကုန်ပစ္စည်း အသစ်များကိုလည်း တွေ့ရသည်။

ပရင်တာများ

ထို့နောက် ပြပွဲခန်းမအတွင်း ခင်းကျင်းပြသထားသည့် EPSON ပြခန်းကို ဝင်ရောက်လေ့လာမိသည်။ ပြခန်းအတွင်း ကာလာပရင်တာများ၊ ကာလာစကင်နာများ၊ 3-in-1 ပရင်တာများ၊ ပရိုဂျက်တာများကို ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ ဓာတ်ပုံလုပ်ငန်း၌ အသုံးပြုနိုင်သည့် ပရင်တာများ၊ လက်ကိုင် ဓာတ်ပုံကူးပရင်တာများကိုလည်း ပြသထားသည်မှာ စိတ်ဝင်စားစရာကောင်းသည်။ ဓာတ်ပုံများ ရိုက်ကူးပြီးပါက လက်ကိုင်ဓာတ်ပုံကူးပရင်တာဖြင့် ကာလာဓာတ်ပုံများကို ချက်ချင်း ထုတ်ယူနိုင်ရာ အသုံးပြုသူများအတွက် အဆင်ပြေသည်ကို တွေ့ရသည်။

"အိုင်တီပစ္စည်း အမျိုးအစားပေါင်း ၃၀၀ခန့် ခင်းကျင်းပြသထားပါတယ်"

ဦးသက်ထွန်းခိုင်။

အကျိုးကျေးဇူးရရှိ

ပြပွဲခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများက လေ့လာ၍ မကုန်နိုင်၊ အိုင်တီနည်းပညာသစ် ထုတ်ကုန်အသစ်များကလည်း အများအပြား ပြသထားရာ လာရောက်လေ့လာသော ပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပြပွဲလာပြည်သူများ စိတ်ဝင်စားဖွယ် အိုင်တီထုတ်ကုန်ပစ္စည်းများကို လေ့လာနေကြသည့် MSI ပြခန်း၌ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အတွေးမမှား၊ အရွေးမမှားဖို့

ဗညားအောင်

ဒီမိုကရေစီစနစ်၏ အဓိကသွင်ပြင်လက္ခဏာတစ်ခုမှာ ရွေးကောက်ပွဲများဖြစ်သည်ဟုဆိုလျှင် ထိုရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် အဓိက ဇာတ်လိုက်များဖြစ်သည်ဟု ဆိုရပေမည်။ ရွေးကောက်ပွဲတွေမှာ ပြည်သူတွေက သူတို့ကိုယ်စား အုပ်ချုပ်ရေး၊ ဥပဒေပြုရေးကဏ္ဍများတွင် ဆောင်ရွက်မည့်သူတွေကို ရွေးကြသည်။ နိုင်ငံရေးပါတီတွေက ဒီတာဝန်တွေကို ထမ်းဆောင်ရန်အတွက် သူတို့သာ အသင့်တော်ဆုံးဟုဆိုကာ ယှဉ်ပြိုင်ရွေးချယ်ခံကြသည်။ ဤနေရာတွင် ပြည်သူကို ကိုယ်စားပြုမည့်ပါတီများ၊ နိုင်ငံရေးသမားများအနေဖြင့် မည်သည့်အရည်အချင်းများနှင့် ပြည့်စုံသင့်သည် ဆိုသည့်ကိစ္စ ပေါ်လာသည်။ ဒီမိုကရေစီ စတင်ထွန်းကားရာ နိုင်ငံများမှာတော့ ထိုသတ်မှတ်ချက်များသည် ဒီမိုကရေစီ အဆင့်ဆင့်တိုးတက်ပေါ်ထွန်းခဲ့သည့် ဖြစ်စဉ်တစ်လျှောက်တွင် အခြေတည်လာခဲ့ပြီး ယခုအခါတွင်မူ သက်ဆိုင်ရာနိုင်ငံ၏ လူ့အဖွဲ့အစည်းများအတွင်းတွင် လောကနီတိကဲ့သို့ပင် အခြေခိုင်နေပြီဖြစ်သည်။ စာနှင့်ပေနှင့် ဥပဒေပြဋ္ဌာန်းရန် မလိုတော့။

ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ကိုလိုနီစနစ်မှ လွတ်မြောက်လာသော နိုင်ငံများ၊ ထိုကာလနောက်ပိုင်းတွင် သက်ဦးဆံပိုင် ဘုရင်စနစ်မှ စည်းမျဉ်းခံဘုရင်စနစ်ဖြင့် ဒီမိုကရေစီကို ပြောင်းလဲကျင့်သုံးသော နိုင်ငံများတွင်မူ ဒီမိုကရေစီကျင့်စဉ်နှင့် နိုင်ငံရေးပါတီဆိုသည်မှာ ရှားပါးကုန်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်အတွက် တာဝန်ယူရမည့်ပါတီနှင့် နိုင်ငံရေးသမားများကိုယ်တိုင်က ကျင့်ဝတ်ဆိုင်ရာ ပြဿနာများကို ချိုးဖောက်မှုတွေဖြစ်လာသည်။ ထိုအခါ ကြောင်ကို ဘယ်သူ ခြူဆွဲပေးမလဲဆိုသည့် မေးခွန်းပေါ်လာ၏။ ထိုမှစကာ နိုင်ငံရေးပါတီများအနေဖြင့် ပါတီလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲဝင်ရာတွင်လည်းကောင်း လိုက်နာရမည့် ကျင့်ဝတ်များကို စာနှင့်ပေနှင့် ရေးသားပြဋ္ဌာန်းခဲ့ကြသည်။ ၂၁ရာစုရောက်ချိန်တွင်မူ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အကောင်အထည်ဖော်သည့်နိုင်ငံများ၊ ပဋိပက္ခလွန်ကာလ နိုင်ငံတည်ဆောက်ရေးကို လုပ်ဆောင်နေသည့် နိုင်ငံများတွင် နိုင်ငံရေးပါတီများနှင့်ပတ်သက်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်းသည် စံတစ်ခုအဖြစ်သို့ ရောက်ရှိလာပြီဟုပင် ဆိုနိုင်ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် အချို့နိုင်ငံများက ရွေးကောက်ပွဲဥပဒေ၌ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်သောဥပဒေများကို တစ်ပါတည်း ထည့်သွင်းပြဋ္ဌာန်းသကဲ့သို့ အချို့နိုင်ငံများတွင်မူ နိုင်ငံရေးပါတီများနှင့် ပတ်သက်သော ဥပဒေများကို သီးခြားပြဋ္ဌာန်းကြသည်ကို တွေ့ရပါသည်။

ထိုကဲ့သို့ နိုင်ငံရေးပါတီများနှင့်သက်ဆိုင်သည့် ဥပဒေများ ပြဋ္ဌာန်းသည့်အထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ **မူဝါဒလမ်းစဉ် (၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် ရွေးကောက်ပွဲများ ကျင်းပရန်အတွက် လိုအပ်သောဥပဒေများကို မတ်လ ၈ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့ ဥပဒေများထုတ်ပြန်ခဲ့မှုသည် အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ငြိမ်းချမ်းစွာ ဖော်ဆောင်လိုသူများအတွက်တော့ ထူးခြားသည့် တိုးတက်မှုတစ်ရပ်ပင် ဖြစ်သည်။**

သို့သော် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အသွင်ကူးပြောင်းမှုကို လက်မခံနိုင်သူများကမူ ထိုဥပဒေများ ထွက်ပေါ်လာသည်နှင့် လက်မခံနိုင်သည့် သဘောထားကို ချက်ချင်းထုတ်ဖော်ပြောဆိုလာခဲ့သည်ကို တွေ့ရပါသည်။ နေ့စဉ်သတင်းစာများတွင် ဥပဒေငါးခုလုံးကို ဖော်ပြမပြီးမီကပင် ၎င်းတို့၏သဘောထားများကို ထုတ်ဖော်ပြောဆိုလာခဲ့သည်ကို တွေ့ရပါသည်။ ထိုအဖွဲ့အစည်းများ၊ ထိုပုဂ္ဂိုလ်များကို မျက်စိမှိတ် ထောက်ခံနေသည့် နိုင်ငံများကလည်း ဥပဒေများ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်များ မပေါ်ထွက်လာမီကပင် ထိုအဖွဲ့အစည်းများ၏ သဘောထားကို သံယောင်လိုက် ထောက်ခံလာသည်ကို တွေ့ရပြန်သည်။ တကယ်တော့ ဥပဒေတစ်ရပ်၏ အကျိုးအပြစ်၊ အကောင်းအဆိုး ဝေဖန်ဖို့ဆိုလျှင် ဥပဒေတစ်ခုလုံးကို ဖတ်ရှုပြီး အကျိုးအပြစ်ကို ချိန်ဆဖို့ လိုပါသည်။ သို့သော် ဥပဒေတစ်ခုလုံးကို မလေ့လာဘဲ မိမိသဘောနှင့် မကိုက်ညီသည့် ပုဒ်မတစ်ခု၊ နှစ်ခုကို ဆွဲထုတ်ပြီး ဥပဒေကို လက်ခံနိုင်ဖွယ်မရှိဟု ပြောဆိုခြင်းမှာမူ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ခြင်းထက် ဆန္ဒစွဲဖြင့် ပြောခြင်း၊ ဘာလုပ်လုပ် ဆန့်ကျင်ရမည်ဆိုသည့် စိတ်အခံဖြင့် ဆောင်ရွက်ခြင်းဟုသာ ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ယခုမြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအပေါ် ဝေဖန်နေမှုများမှာ ကျိုးကြောင်းခိုင်လုံမှု၊ ဆီလျော်မှု ရှိမရှိဆိုသည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန် လိုအပ်ပေသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ဆန့်ကျင်ဝေဖန်သူများက အဓိကအားဖြင့် ပုဒ်မ ၆နှင့် ၁၀ကို ထောက်ပြဝေဖန်နေသည်ကို တွေ့ရပါသည်။ ပုဒ်မ ၆မှာ နိုင်ငံရေးပါတီများ စောင့်ထိန်းလိုက်နာရမည့် အချက်များဖြစ်ပြီး ထိုအထဲမှ အပိုဒ်ခွဲ(ဂ)ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့်အချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးကို တောင်းဆိုထားသည့် ၎င်းတို့၏ သဘောထားနှင့် တိုက်ဆိုင်မှုမရှိဟု အထူးပြုပြောဆိုလာသည်ကို တွေ့ရသည်။ ထိုအချက်သည် သာမန်လူပြိန်းအမြင်ဖြင့် တွေးလျှင်ပင် အတော် ကလေးကလားနိုင်သော အပြောဖြစ်ပေ၏။ **၂၀၁၀တွင် ပြုလုပ်မည့် ရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို အကောင်အထည်ဖော်ရန်အတွက် ကျင်းပခြင်းဖြစ်သည်။ ထိုအခြေခံဥပဒေကို လက်မခံနိုင်လျှင် နိုင်ငံရေးပါတီ တည်ထောင်ခြင်းမပြုဘဲ ဘေးထိုင်နေရန်သာ လိုပေသည်။ မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရက မိမိနိုင်ငံ၏ အခြေခံဥပဒေကို မထောက်ခံဘဲ ဖျက်ဆီးရန်၊ ဥပဒေပြင်ပနည်းလမ်းများဖြင့် ပြောင်းပစ်ရန် ဆုံးဖြတ်ထားသူများကို ပါတီထောင်ခွင့်ပေးပြီး ရပ်တည်ခွင့်ပေးပါမည်နည်း။**

မည်သည့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မဆို နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ကျမ်းသစ္စာကျိန်ဆိုရသည့်အချိန်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပါမည်ဟု သစ္စာပြုရသည်။ အမေရိကန်နိုင်ငံတွင်ပင်လျှင် သမ္မတသည် လည်းကောင်း၊ အခြား အစိုးရအရာရှိကြီးများသည် လည်းကောင်း၊ လွှတ်တော်အမတ်များသည် လည်းကောင်း ကျမ်းသစ္စာကျိန်ဆိုသည့်အခါ အခြေခံဥပဒေကို မိမိကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပါမည်ဟု ထည့်သွင်းရွတ်ဆိုရပေသည်။ နောက်ဆုံးပြောရလျှင် အမေရိကန်နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရသူများသည် Oath of Allegiance ခေါ် ကျမ်းသစ္စာပြုပွဲသို့တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမေရိကန်ဥပဒေများကို ပြည်တွင်း ပြည်ပ တိုက်ခိုက်မှုအားလုံးမှ ကာကွယ်ပါမည်ဟု သစ္စာဆိုရသေးသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၅တွင်လည်း နိုင်ငံရေးပါတီများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဟု ဖော်ပြထားပြီးဖြစ်ရာ ယခုနိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်ကို အခြေခံထားခြင်းသာဖြစ်သည်မှာ ထင်ရှားနေပါသည်။

ဤနေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပေးရေးကို တောင်းဆိုနေသူများ မသိချင်ယောင်၊ မမြင်ချင်ယောင် ဆောင်နေသော အချက်မှာ အခြေခံဥပဒေ ပြင်ဆင်ရေးကို လက်ရှိ တည်ဆဲအစိုးရဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောထားတစ်ခုတည်းနှင့် လုပ်ဆောင်၍မရသည့် အချက်ဖြစ်သည်။ ထို့အတူ နိုင်ငံရေးပါတီများ၏ သဘောတစ်ခုတည်းဖြင့်လည်း ပြင်ဆင်၍ မရနိုင်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သည့် နည်းလမ်းများကို အခြေခံဥပဒေအခန်း(၁၂)တွင် အသေးစိတ် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့ကြောင့် ပြည်သူတို့က ၎င်းတို့ကိုယ်စား ဥပဒေပြုရေးရာလုပ်ငန်းများ လုပ်ဆောင်ရန် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကသာ လွှတ်တော်တွင် အခြေခံဥပဒေကို ပြင်ဆင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်ပါသည်။ **ထို့ကြောင့် အခြေခံဥပဒေပါအချက်များကို ပြင်ဆင်လိုသည်ဆိုလျှင် မိမိတို့ပါတီ၏ မူဝါဒများ၊ မိမိ၏ အရည်အချင်းများကို ပြည်သူများက လက်ခံနိုင်အောင် ကြိုးစားကာ ရွေးကောက်တင်မြှောက်ခံရသည့်အခါကျမှ အခြေခံဥပဒေပြင်သင့်မသင့် ဆွေးနွေးခြင်းက ပိုပြီးလက်တွေ့ကျသည့် နည်းလမ်းဖြစ်သည်ဟု ဆိုချင်ပါသည်။** ထို့ပြင် အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည်မှာ အခြေခံဥပဒေကို ဘယ်တော့မှ မပြင်ဆင်ပါ၊ ပြင်ဆင်ရန်မကြိုးစားပါဟု ကတိပေးရခြင်း မဟုတ်သည်ကိုလည်း နားလည်ဖို့လိုပါသည်။ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည်မှာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသော လုပ်ရပ်များကို တားဆီးခြင်းပင်ဖြစ်ရာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံဥပဒေကို ပြင်ဆင်နိုင်ရန်အတွက် လွှတ်တော်အတွင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာလိုသူများအတွက် ယခုသတ်မှတ်ချက်ကြောင့် မည်သည့်အခက်အခဲမျှ ရှိမည်မဟုတ်ပေ။

မူဝါဒလမ်းစဉ် (၇)ရပ်ကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းများက ဝေဖန်ပြောဆိုနေသည့် နောက်ပြဋ္ဌာန်းချက်တစ်ခုမှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၀(င)တွင် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ထောင်ဒဏ်ကျခံနေရသူများကို ပါတီဝင်အဖြစ် စည်းရုံးခြင်းမပြုရန် သတ်မှတ်ထားမှုဖြစ်သည်။ ထိုဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ထောင်ဒဏ်ကျခံနေရသူဆိုသည်မှာ တရားရုံးတစ်ခုခု၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။ ထိုအချက်ကို ထောက်ပြီး ဤဥပဒေသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရွေးကောက်ပွဲဝင်ခွင့်မရအောင် စီစဉ်ထားခြင်းဖြစ်သည်ဟု ဆိုကြပြန်သည်။

သို့သော် သူတို့ပြောနေသည့် ပုဂ္ဂိုလ်ကို ပါတီဝင်ခွင့်မရအောင် ရည်ရွယ်တားဆီးသည်ဆိုလျှင် ထိုပုဂ္ဂိုလ် တစ်သက်လုံး ပါတီဝင်ခွင့်မရနိုင်အောင် ပုဒ်မတစ်ခုကို ရည်ညွှန်းပြီး ထိုပုဒ်မကို ကျူးလွန်သူဟု ပြဋ္ဌာန်းမည်သာဖြစ်သည်။ သို့မဟုတ် ထိုပြစ်မှုဖြင့် ပြစ်ဒဏ်ကျခံပြီး

ယနေ့အချိန်ကာလသည် ဒီမိုကရေစီစနစ်ကို စတင်ပျိုးထောင်ရတော့မည့် အချိန်ဖြစ်သည်။ ထိုအချိန်တွင် အရေအတွက်ထက် အရည်အချင်းက အရေးကြီးသည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုချိန်က ပါတီများ၏ အရည်အချင်းကို လျော့လျော့ပေါ့ပေါ့ သတ်မှတ်ပေးခဲ့သောကြောင့် ပါတီပေါင်း ၂၃၅ပါတီဖြင့် ကမ္ဘာ့စံချိန်တင်ခဲ့ပြီးဖြစ်သည်။ ထိုပါတီများထဲက ဒေါင်ဒေါင်မြည် ရွေးကောက်ပွဲဝင်နိုင်သည့် ပါတီမှာ ကိုးဆယ်ကျော်သာရှိပြီး ကျန်ပါတီများမှာ ပါတီဆိုင်းဘုတ်အောက်မှ ဥပဒေမဲ့ လုပ်ရပ်များ၊ မသမာမှုများ လုပ်ဆောင်ခဲ့သောကြောင့် နောက်ဆုံး ဖျက်သိမ်းပစ်ခဲ့ရသည့် အခြေသို့ ဆိုက်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ ထိုအမှားမျိုး ထပ်မမှားဖို့ လိုသည်။

၂၀၁၀တွင် ပြုလုပ်မည့် ရွေးကောက်ပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို အကောင်အထည်ဖော်ရန်အတွက် ကျင်းပခြင်းဖြစ်သည်။ ထိုအခြေခံဥပဒေကို လက်မခံနိုင်လျှင် နိုင်ငံရေးပါတီ တည်ထောင်ခြင်းမပြုဘဲ ဘေးထိုင်နေရန်သာ လိုပေသည်။ မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရက မိမိနိုင်ငံ၏ အခြေခံဥပဒေကို မထောက်ခံဘဲ ဖျက်ဆီးရန်၊ ဥပဒေပြင်ပနည်းလမ်းများဖြင့် ပြောင်းပစ်ရန် ဆုံးဖြတ်ထားသူများကို ပါတီထောင်ခွင့်ပေးပြီး ရပ်တည်ခွင့် ပေးပါမည်နည်း။

ပြစ်ဒဏ်ကျခံပြီးနောက် မည်သည့်ကာလအတိုင်းအတာအထိ စသည်ဖြင့် သတ်မှတ်ရမည်ဖြစ်သည်။ ပါလီမန်ဒီမိုကရေစီခေတ် ၁၉၄၇ခုနှစ် အခြေခံဥပဒေတွင်ပင် ပုဒ်မ ၇၄၌ ပြစ်ဒဏ်ကျခံနေသူများသာမက အပြစ်ဒဏ်လွတ်ကင်းသည့်နေ့မှစ၍ ငါးနှစ်ကာလအပိုင်းအခြား သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက မိမိ၏သဘောအတိုင်း ခွင့်ပြုသော ငါးနှစ်အောက်လျော့သော ကာလအပိုင်းအခြား မကုန်လွန်သေးလျှင် လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခွင့်မရှိကြောင်း ဖော်ပြထားသည်ကိုကြည့်လျှင် ပြစ်ဒဏ်ကျခံပြီးသူတစ်ဦးကိုပင် ကာလအတိုင်းအတာတစ်ခုအထိ ၎င်း၏အခွင့်အရေးများကို ကန့်သတ်နိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ယခုနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ထောင်ဒဏ်ကျခံနေရသူများကို ပါတီဝင်အဖြစ် စည်းရုံးခွင့်မပြုခြင်းသည် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်နှင့်မဆိုင်ဘဲ မြန်မာနိုင်ငံရှိ အကျဉ်းထောင် အသီးသီးတွင် တရားရုံး၏ စီရင်ဆုံးဖြတ်ချက်အရ ပြစ်ဒဏ်ကျခံနေရသူများအားလုံးကို ရည်ရွယ်ခြင်းသာဖြစ်သည်မှာ ထင်ရှားပါသည်။

တကယ်တော့ နိုင်ငံရေးပါတီဆိုသည်မှာ ပြည်သူများ အားကိုးအားထားပြုရမည့်၊ ပြည်သူများက သူတို့ကိုယ်စား ဥပဒေပြုရေးရာလုပ်ငန်းများကို လုပ်ဆောင်ရန် ကိုယ်စားလှယ်လွှဲခံရမည့် အဖွဲ့အစည်းဖြစ်ပေသည်။ ထိုကဲ့သို့သော အဖွဲ့အစည်းတစ်ခုတွင် ပြစ်မှုကျူးလွန်သဖြင့် ထောင်ကျနေသူများ ပါသင့်ပါသလား။ ထောင်ကျနေသူများထဲတွင် သာမန်ပြစ်မှုကျူးလွန်သူများ ပါနိုင်သကဲ့သို့ ရာဇဝတ်ပြစ်မှုကြီးများကို ကျူးလွန်သူများလည်း ပါဝင်နိုင်ပေသည်။ နိုင်ငံတော်ကို ဦးဆောင်မည့် ပါတီတစ်ခုတွင် ထိုကဲ့သို့ ထောင်ကျနေဆဲသူများ မပါသင့်ဆိုသည်မှာ သာမန်အတွေးဖြင့်ပင် သိနိုင်နေပြီဖြစ်ပါသည်။ သို့သော် လက်ရှိ ထောင်ဒဏ်ကျခံနေရသူများအနေဖြင့် မိမိတို့ပြစ်မှုအတွက်ပေးဆပ်ပြီး ပြစ်ဒဏ်မှ လွတ်ကင်းလာချိန်တွင် မိမိတို့နှစ်သက်ရာပါတီသို့ ဝင်ခွင့်ရအောင် လျှောက်ထားခွင့် ပေးထားပြီးဖြစ်သည်။ ထိုအခါ ပါတီဝင်လျှောက်ထားသူ ကျူးလွန်ခဲ့သည့် ပြစ်မှုနှင့် ပြစ်ဒဏ်ကို သက်ဆိုင်ရာပါတီက စဉ်းစားသုံးသပ်ပြီး ပါတီဝင်အဖြစ် လက်ခံသင့်၊ မသင့် ဆုံးဖြတ်ရန်သာ ရှိပေသည်။

ယနေ့အချိန်ကာလသည် ဒီမိုကရေစီစနစ်ကို စတင်ပျိုးထောင်ရတော့မည့် အချိန်ဖြစ်သည်။ ထိုအချိန်တွင် အရေအတွက်ထက် အရည်အချင်းက အရေးကြီးသည်။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုချိန်က ပါတီများ၏ အရည်အချင်းကို လျှော့လျှော့ပေါ့ပေါ့ သတ်မှတ်ပေးခဲ့သောကြောင့် ပါတီပေါင်း ၂၃၅ပါတီဖြင့် ကမ္ဘာ့စံချိန်တင်ခဲ့ပြီးဖြစ်သည်။ ထိုပါတီများထဲက ဒေါင်ဒေါင်မြည် ရွေးကောက်ပွဲဝင်နိုင်သည့်ပါတီမှာ ကိုးဆယ်ကျော်သာရှိပြီး ကျန်ပါတီများမှာ ပါတီဆိုင်းဘုတ်အောက်မှ ဥပဒေမဲ့လုပ်ရပ်များ၊ မသမာမှုများ လုပ်ဆောင်ခဲ့သောကြောင့် နောက်ဆုံး ဖျက်သိမ်းပစ်ခဲ့ရသည့်အခြေသို့ ဆိုက်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ ထိုအမှားမျိုး ထပ်မမှားဖို့လိုသည်။ ထို့ကြောင့်လည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် နိုင်ငံရေးပါတီများအနေဖြင့် ပြည့်မီရမည့် စံများကို စနစ်တကျ သတ်မှတ်ခဲ့ခြင်းလည်းဖြစ်သည်။ ထိုကန့်သတ်ချက်များသည် နိုင်ငံရေးပါတီများ သေးငယ်ကျုံ့ဝင်သွားအောင်၊ အရှိန်သေသွားအောင် လုပ်ခြင်းမဟုတ်၊ မျိုးစေ့မှန်ပြီး ရေရှည်၌ အပင်သန်စေရန်အတွက်သာ ဖြစ်သည်ကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ဖို့ လိုပေသည်။

မည်သည့်ဥပဒေတွင်မဆို တားမြစ်ချက်၊ ကန့်သတ်ချက်များ ပါရှိစမြဲဖြစ်ပါသည်။ ထိုတားမြစ်ချက်၊ ကန့်သတ်ချက်များကို မကြိုက်သူလည်း ရှိနိုင်ပါသည်။ လူတိုင်းကြိုက်သည့် ဥပဒေဆိုသည်မှာ ဒီမိုကရေစီ ဘိုးအေဟုခေါ်နေသည့် ဗြိတိန်၊ အမေရိကန်စသည့် နိုင်ငံများတွင်ပင် မရှိပါ။ လွှတ်တော်က ဥပဒေတစ်ခုကို ပြဋ္ဌာန်းလိုက်တိုင်း ကန့်ကွက်သံ စီစီညံနေမြဲဖြစ်သည်။ တစ်ခါတစ်ရံ ကွန်ဂရက်လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေကိုပင် သမ္မတက ဗီတိုအာဏာနှင့်ပယ်ချသည့်အဖြစ်တွေလည်း ရှိပေသည်။ ထို့ကြောင့် ယခုထုတ်ပြန်လိုက်သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများကို ဝေဖန်သူများ ရှိသည်မှာ မဆန်း။ အမျိုးသားအကျိုးစီးပွားကို မျက်ကွယ်ပြု ပြည်ပအားကိုးပြီး အာဏာရယူရန် ကြိုးစားနေသည့် ပါတီတွေ၊ ပုဂ္ဂိုလ်တွေ ရှိနေသည့် မြန်မာနိုင်ငံလိုနိုင်ငံတွင် ပိုပြီးမဆန်းဟု ဆိုနိုင်ပါသည်။

သို့သော် မိမိတို့ပြည်သူတွေအတွက် တိုင်းရမည့်ပေတံမှာ ဤဥပဒေများ၊ နည်းဥပဒေများသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှု ရှိ၊ မရှိနှင့် ရွေးကောက်ပွဲများကို ငြိမ်းငြိမ်းချမ်းချမ်း တည်တည်ငြိမ်ငြိမ်၊ လွတ်လွတ်လပ်လပ် ကျင်းပနိုင်ဖို့ အထောက်အကူ ပြုမပြုဆိုသည့် အချက်သာဖြစ်သည်။ ယခုဥပဒေ၊ နည်းဥပဒေများကို စေ့စေ့ငုငု ဖတ်ရှုလေ့လာလိုက်လျှင် ပြည်သူများအနေဖြင့် မိမိဆန္ဒအတိုင်း လွတ်လပ်စွာ ရွေးချယ်ခွင့်၊ နိုင်ငံရေးပါတီများအနေဖြင့် စည်းကမ်းတကျ ပါတီထူထောင်ခွင့်များရရှိအောင် ဒီမိုကရေစီနည်းလမ်းတကျ အာမခံထားသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် ဘေးစကားတွေကြောင့် အတွေးမမှား၊ အရွေးမမှားဘဲ မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီကို ဆက်လက်ချီတက်ဖို့သာ လိုပါသည်။ ။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၁၀)ဖွင့်ပွဲ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် မတ် ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၇နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ်သော မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ-၂၀၁၀ (Myanmar ICT Exhibition-2010) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမရှေ့၌ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌက ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E.Dilli Bahadur Mahat ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (နိုင်ငံခြားရေး)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နီပေါနိုင်ငံ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား မြန်မာနိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိနေသော နီပေါဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး ဝန်ကြီးဌာနဝန်ကြီး H.E.Dilli Bahadur Mahat ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-နီပေါ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့် အခမ်းအနား ကျင်းပရေးကိစ္စနှင့် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ဆက်ဆံရေး ပိုမိုမြင့်တင်ရေးကိစ္စများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး နီပေါနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဒီမိုကရက်တစ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စဂုနလက်ရှမီရှားမားလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဇောရှုင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဆွဲအားနှင့်စွဲအား** တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ Shooting Making (စကားနပန်းရိုက်ကွင်း)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၅)
- ၈:၃၀ Sports World (Planet Speed)
- ၈:၅၅ ရခိုင်သွေးချင်းတို့ဌာနေ··· မေဃဝတီမာန်အောင်မြေ
- ၉:၀၅ လှိုင်မြို့နယ်အစည်းအရုံး၏ ပန်းချီပြပွဲ
- ၉:၂၀ စိတ်ကူးကောင်းများနှင့် ချစ်စရာ့ရွာတစ်ရွာ
- ၉:၃၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၃၅ ဆားတောင်မြေမှ ပီတိဖြစ်ဖွယ်ရာ သီတဂူဗြဟ္မာယုဆေးရုံ အလှူမင်္ဂလာ
- ၁၀:၅၀ Activities in the City (547 Trading မှ ကျင်းပသော အထူးဈေးရောင်းပွဲတော်)
- ၁၁:၀၀ သွားမယ်၊ စားမယ် (Palm Garden Food & Drink Comer)
- ၁၁:၃၀ မြို့ကျောက်ဆည်၏ အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ)
- ၁၁:၅၀ **စီးဆင်းပါစေ မေတ္တာရည်** မေကဗျာ၊ ဖူးဖူး
- ၁၂:၀၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး **ငါးဖိန်း**
- ၁၂:၂၀ စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
- ၁၂:၄၅ ရခိုင်သွေးချင်းတို့ဌာနေ··· မေဃဝတီ မာန်အောင်မြေ
- ၁:၀၀ **ဆွဲအားနှင့်စွဲအား** တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival Pop ကမ်းခြေ(၁)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၅)
- ၄:၀၅ စိတ်ကူးကောင်းများနှင့် ချစ်စရာ့ရွာတစ်ရွာ
- ၄:၁၅ Activities in the City (547 Trading မှ ကျင်းပသော အထူးဈေးရောင်းပွဲတော်)
- ၄:၃၅ ဆားတောင်မြေမှ ပီတိဖြစ်ဖွယ်ရာ သီတဂူဗြဟ္မာယုဆေးရုံ အလှူမင်္ဂလာ
- ၄:၄၅ လှိုင်မြို့နယ်အစည်းအရုံး၏ ပန်းချီပြပွဲ
- ၅:၀၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၅:၃၀ MRTV -4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ သွားမယ်၊ စားမယ် (Palm Garden Food & Drink Comer)
- ၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် (ပထမအကြိမ်ကျင်းပသည့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့၏ ဆေးပညာ နှီးနှောဖလှယ်ပွဲ)
- ၇:၂၀ Fashion Music Festival Pop ကမ်းခြေ(၁)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သံစဉ်များကို ထုဆစ်အလှဆင်သူများ (ကိုကျော်လင်းထိန်နှင့် တွေ့ဆုံခြင်း)
- ၉:၀၀ Shooting Making (စကားနပန်းရိုက်ကွင်း)
- ၉:၁၅ အင်တာနက်လမ်းညွှန် (Website အညွှန်း) (အပိုင်း-၆)
- ၉:၂၅ Barclays Premier League **(Fulham Vs Man City)**
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၅)
- ၁၂:၀၀ Barclays Premier League **(Arsenal Vs West Ham)**

မန္တလေးအလုပ်သမားဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ တပ်မတော်စည်သွတ်စက်ရုံ၌ အခမဲ့ကွင်းဆင်းကုသ

နေပြည်တော် မတ် ၁၉

မန္တလေး အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မတ် ၁၆ရက်က မန္တလေးမြို့ တပ်မတော်စည်သွတ်စက်ရုံသို့ သွားရောက်၍ လူမှုဖူလုံရေး အာမခံ အလုပ်သမားများနှင့် မိသားစုဝင်များအား လုပ်ငန်းခွင်မပျက် အခမဲ့ ကွင်းဆင်း၍ ဆေးဝါးကုသပေးခဲ့သည်။

ဆေးကုသစဉ်အတွင်း ဆေးရုံအုပ်ကြီးက စက်ရုံဝန်ထမ်းများအား လူမှုဖူလုံရေးအဖွဲ့၏ အခမဲ့ဆေးကုသမှု အကျိုးခံစားခွင့်၊ ငွေကြေးအကျိုးခံစားခွင့်များ အကြောင်းနှင့် ကျန်းမာရေးအသိပညာများအကြောင်းတို့ကို ဟောပြောပြီး ကျန်းမာရေး အသိပညာပေးမေးခွန်းများ ဖြေဆိုနိုင်သူသုံးဦးတို့အား လက်ဆောင်များ ချီးမြှင့်သည်။

လွှဲပြောင်းပေး

ဆေးဝါးကုသမှုအဖွဲ့တွင် သမားတော်ကြီး ဒေါက်တာ ဒေါ်ခင်စန်းဝင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စိုး၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဗညားအောင်ခိုင်၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုးသူဝင်း၊ လက်ထောက်ဆရာဝန် (သွားနှင့်ခံတွင်း)နှင့် ဆေးဘက်ကျွမ်းကျင် (အကြော)တို့က လူမှုဖူလုံရေးအာမခံ အလုပ်သမား ၁၄၂ဦးတို့အား ဆေးကုသပေးခဲ့ပြီး ဆက်လက်ကုသရန် လိုအပ်သူ ၂၄ဦးတို့အား မန္တလေးအလုပ်သမားဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Aston Villa-Wolverhampton	ESPN(Live)
၉:၂၅	Stoke City-Tottenham	ESPN(Live)
	Fulham-Man City	STAR SPORTS (Live)
၁၁:၃၀	Everton-Bolton	STAR SPORTS (SDD)
၁၁:၅၅	Arsenal-West Ham	ESPN(Live)

ရေဝတီတိုင်းအတွင်း အကြီးဆုံးအင်းများတွင် ပါဝင်သော အင်းရဲကြီးအင်းရှိရာ ကျုံပျော်မြို့သို့တစ်ခေါက်ရောက်ခဲ့ရာဝယ်····

သတင်းခရီးသည် - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)၊ ဓာတ်ပုံမှတ်တမ်း - မြင့်အောင်(အလုံ)၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၉

အင်းရဲကြီးအင်းသို့ တစ်ကြိမ်မျှ လေ့လာရေးမရောက်ဖြစ်ခဲ့။ ယခုလေ့လာရန် အခွင့်ကြုံခဲ့ပြီ။ ကျုံပျော်မြို့နယ်သို့ သတင်းခရီးသည်အဖွဲ့ရောက်နေခိုက် သက်ဆိုင်ရာမှ စီစဉ်ပေးမှုဖြင့် ဧရာဝတီတိုင်းအတွင်း အကြီးဆုံးအင်းများတွင် ပါဝင်သော မယင်းရွာရှိ အင်းရဲကြီးအင်းသို့ သတင်းအဖွဲ့လေ့လာရန်ထွက်ခွာခဲ့ကြသည်။

ခရီးလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် စနစ်တကျစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်း၊ ပဲ

အင်းသူကြီး ဦးခင်မောင်ဝင်းက ရောင်းတန်းဝင် ငါးမြစ်ချင်းငါးကို ပြသခဲ့ရာ····။ (မြန်မာ့အလင်း)

စိုက်ခင်း၊ ငှက်ပျောစိုက်ကွက်တို့ကို တစ်မျှော် တစ်ခေါ် မြင်တွေ့ရသည်။

အင်းရဲကြီးအင်း

မယင်းရွာအနီးအရောက် လှမ်းမြင်လိုက်ရပါပြီ····"အင်းရဲကြီးအင်းဆိုတာ

အဲဒီ မြင်တွေ့ရတဲ့အင်းပေါ့"ဟု အတူလိုက်ပါလာသူက ပြောပြသည်။

နေအလင်းရောင်အောက်တွင် အပန်းဖြေကမ်းခြေတစ်ခုသဖွယ်သွားလာလှုပ်ရှားလုပ်ငန်းခွင် ဝင်နေကြသူများ၊ ကူးတို့စက်လှေဖြင့် သွားပြန်ကူးနေကြသူများ၊ ငါးဖမ်းပိုက်ဖာသူနှင့် ငါးသယ်နေကြသူများဖြင့် လုပ်ငန်းကိုယ်စီ လုပ်ကိုင်နေကြသူများကို တွေ့ရသည်။

ကျန်းမာရေးဆောင်ရွက်

ဧရာဝတီတိုင်းတွင် အကြီးဆုံးအင်းဖြစ်သည်နှင့်အညီ ကျယ်ဝန်းလှသည်။ လက်တွေ့ကျကျ လေ့လာရန် စီစဉ်ပေးမှုကြောင့် အင်းကန်ပတ်လည်တစ်လျှောက် စက်လှေဖြင့် ထွက်ခွာခဲ့ကြရာ တစ်နာရီခန့်ကြာသည်။ အင်း အလျား ခုနစ်မိုင်ရှိပြီး အကျယ်မှာ ပေ ၁၅၀၀ ရှိသည်ဟု သိရသည်။ အင်းကြီးအလယ်ရှိ ကျွန်းပေါ်တွင် ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိသည်။ လူဦးရေ ၃၀၀၀ ကျော်ရှိပြီး အလယ်တန်းကျောင်းတစ်ကျောင်းနှင့် မီးယပ်သားဖွားဆရာမဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများ ထားရှိသည်။

အင်းလုပ်ငန်း

ကျွန်းပေါ်နေထိုင်ကြသူများမှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ ကွမ်း၊ သခွားနှင့်စားသုံးသီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြသည်။ အချို့မှာ အင်းလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိကြသည်။ အင်းအတွင်း စီးဝင်သော ဒါးကချောင်းမှ ရေတွင်ပါလာသော ငါးများရှိသလို အင်းအတွင်းမွေးမြူထားသော ငါးများလည်းရှိသည်။

အင်းကြီးအတွင်းရှိ ငါးများမှာ ငါးကြင်း၊ ငါးမြစ်ချင်း၊ငါးခေါင်းပွ၊ ငါးဖယ်၊ ငါးဖယ်အောင်း၊ ငါးပတ် တို့ဖြစ်၍ ငါးမျိုးစုံလှသည်။

ရန်ကုန်သို့ တင်ပို့

မွေးမြူရသော ငါးကြင်း၊ ငါးမြစ်ချင်း ငါးသားပေါက်များကို ဧပြီလမှစ၍ မွေးလျှင် ဒီဇင်ဘာလတွင် ဈေးကွက်သို့ တင်ပို့နိုင်သော တန်းဝင်အရွယ်အစားရရှိ၍ ငါးဖော်သောလုပ်ငန်းကို စတင်ဆောင်ရွက်ကြသည်။ ငါးပေါ်ချိန်တွင် ဒေသခံများ အင်းသို့ဆင်း၍ စိတ်တိုင်းကျဝယ်ယူကြရာ ဝယ်ယူအားကောင်းလျှင် ရန်ကုန်သို့တင်ပို့နိုင်မှု ပိဿာချိန်နည်းပြီး ဒေသခံများ ဝယ်ယူမှုအားနည်းသည့်အခါတွင် ရန်ကုန်စံပြ ငါးဈေးသို့ တစ်ကြိမ်လျှင် ပိဿာချိန် နှစ်သောင်းကျော်အထိ တင်ပို့နိုင်ကြောင်း သိရသည်။

ငါးဖမ်းချိန်မတိုင်မီ ဤကဲ့သို့ ပိုက်တန်းများ ဝါးလုံးထိုး၍ ကာရံတားဆီးထားကြရသည်။ (မြန်မာ့အလင်း)

အင်းခွန်ပေးဆောင်

အင်းရဲကြီးအင်းမှ တစ်နှစ်လျှင် ငါးမျိုးစုံ ပိဿာချိန် တစ်သိန်းကျော်ကို ရန်ကုန်စံပြဈေးသို့ တင်ပို့နိုင်ကြောင်း၊ ဂရန်ပိုင်လေလံအင်းဖြစ်၍ အင်းကြီးတွင် သုံးနှစ်တိတိ ငါးမွေးမြူဖမ်းယူခြင်းလုပ်ငန်းကိုလုပ်ကိုင်နိုင်ပြီး တစ်နှစ်လျှင်တစ်ကြိမ် အင်းခွန်ပေးဆောင်ရကြောင်း ဗဟုသုတဖြစ်ဖွယ် ကြားသိရသည်။

အင်းရဲကြီးအင်းအတွင်းမှ ဖမ်းဆီးထားသော ငါးမျိုးစုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အထောင်ကျေးရွာ

အင်းရဲကြီးအင်းမှအပြန် ကျုံပျော်မြို့နယ်နှင့် ၁၀မိုင်ဝေးသော အထောင်ကျေးရွာသို့ ရောက်ရှိကြရာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဝင်းဦးနှင့် တွေ့ဆုံရသည်။ ၎င်းက အထောင်တွင် ယခင်နှင့်မတူ တိုးတက်လာပုံကို ရှင်းပြသည်။ သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသော လူနေအိမ်ကလေးများ၊ တိုက်ကလေးများက မြို့နှင့်မခြား သာယာလှသည်။ တိုက်နယ် ပြည်သူ့ဆေးရုံ၊ ယခင်လက်လှည့်ဖုန်းအစား မကြာမီဖွင့်လှစ်မည့် အော်တိုအိတ်ချိန်း ဖုန်းရုံသစ်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဖွင့်လှစ်ပြီးပါက ဖုန်းအလုံးရေ ၂၀၀ တပ်ဆင် အသုံးပြုနိုင်မည်။

တိုးတက်မြန်ဆန်

အထောင်ရွာသည် ခရီးလမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ တိုးတက်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုလည်း တိုးတက် မြန်ဆန်လာခဲ့သည်။အထောင်မှ နေ့စဉ် ခရီးသည်တင်အဝေးပြေး ခေတ်မီကားကြီးများ ပြေးဆွဲပေးလျက်ရှိသည်။ ပြေးပန်းတစ်ရာ ကားလိုင်းသည် အထောင်မှ ရန်ကုန်နှင့် ကျုံပျော်မှ ရန်ကုန်မြို့သို့လည်းကောင်း၊ စိန်နိုင်ကျော်ကားလိုင်းသည် အထောင်၊ ဟသ်ာတ၊ ဇလွန်၊ ဓနုဖြူနှင့် ရန်ကုန်မြို့သို့လည်းကောင်း နေ့စဉ် ၁၀စီးခန့် အသွားအပြန် ပြေးဆွဲပေးလျက်ရှိရာ မြို့နယ်၊ ကျေးရွာနေပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ကြပြီဖြစ်သည်။ အထောင်ရွာကား ဖွံ့ဖြိုးတိုးတက်နေပေပြီ။

ကျုံပျော်မြို့နယ်အတွင်းရှိ အင်းရဲကြီးအင်းကား ဧရာဝတီတိုင်း၏ဂုဏ်ကိုဆောင်နိုင်အောင် ငါးထွက်ရှိမှု ကောင်းသည်။ ဒေသတွင်းစားသုံးမှု ဖူလုံသည်သာမက ရန်ကုန်ဈေးကွက်အထိပါ တင်ပို့နိုင်သည်။ ထို့ကြောင့် ကျုံပျော်မြို့နယ်အလှကို အင်းရဲကြီးအင်းကလည်း ထပ်ဆင့်ခြယ်မှုန်း ဖော်ပြနေသည်ဟု ထင်မြင်ခံစားမိပါကြောင်း။ ။ **(မြန်မာ့အလင်း)**

အင်းရဲကြီးအင်းအတွင်း ရေတိမ်နေရာများတွင် တံငါသည်များ၏ စုပေါင်း ကွန်ပစ်နေကြပုံမှာလည်း စိတ်ဝင်စားစရာ····။ (မြန်မာ့အလင်း)

အပန်းဖြေအနားယူဖွယ်ရာ အင်းရဲကြီးအင်း၏ ရှုခင်းပသာဒအလှ····။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မတ် ၁၉

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ အာစရိယပူဇော်မည်

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ(၁၉၈၆-၁၉၉၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၃ရက်(စနေနေ့)နံနက်၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မဟာသန္တိသုခကျောင်းတော်၌ ကျင်းပမည် ဖြစ်သည်။

ကျိုက်ထိုအသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲ

ကျိုက်ထိုအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်ခမ်းမှာရုံ ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

နွေကာလ ပန်းချီပြပွဲ ခင်းကျင်းပြသမည်

ပန်းချီအေးမြင့် (TTC)၊ သန်းလှ၊ ကျော်တင့်၊ စိုးမမျိုး၊သက်ထက်ကျော်နှင့် ILBC မှ ပန်းချီ သင်တန်းသူအသက် ၁၂နှစ်အရွယ်ရှိ မဟာ်သဇင်ထွန်း၊ မဖြူနှင်းဦးတို့စုစည်းပြသမည့် Summer Time အမည်ရှိ ပန်းချီပြပွဲကို ရန်ကုန်မြို့ အမှတ် ၁၈၇/၁၉၂ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)တွင် မတ် ၂၃ရက်မှ၂၈ရက်အထိ နံနက်၉နာရီမှ ညနေ၅နာရီအတွင်း ခင်းကျင်းပြသထားမည် ဖြစ်သည်။

ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖြစ်မြောက်ရေး ကော်မတီသည် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲကို မတ် ၂၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များ တက်ရောက်ရန် ဖိတ်ကြားသည်။

စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းများဖွင့်မည်

ပြည်တွင်းပြည်ပ၌ အောင်မြင်သောစီးပွားရေးပညာရှင်များ ဖြစ်လာစေရန်အတွက် စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းများ ဖွင့်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဖုန်း-၀၁-၃၉၆၉၃၅နှင့် ၀၁-၇၃၀၀၂၉၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ ကောင်းမြတ်ကုမ္ပဏီလီမိတက်မှ ကူညီပံ့ပိုးမှုဖြင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၁ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၁-၆၅၁၃၇၄နှင့် ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း) တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းအကြောင်း ဟောပြောမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မတ် ၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါ ခန်းမ၌ ဒေါက်တာတင်လတ် (MAT College) က ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းအကြောင်း ဟောပြောမည်ဖြစ်သည်။

ကဗျာစာအုပ်အထူးရောင်းပွဲ စာပေလောက(၅)၌ကျင်းပ

ကဗျာကို ချစ်မြတ်နိုးသူ ဝါသနာရှင်များအတွက် ကဗျာစာအုပ်များအထူးရောင်းချပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း (အလယ်) စာပေလောက (၅)၌ မတ် ၁၉ရက်မှ ၂၂ရက်အထိ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

အင်းလေးသစ်ခွပြပွဲ ညောင်ရွှေ၌ ကျင်းပမည်

မြန်မာ့ရှားပါးသစ်ခွများ၊ သစ်ခွမျိုးစိတ်သစ်များကို စုံလင်စွာပြသမည့် အင်းလေးသစ်ခွပြပွဲ (ဒုတိယအကြိမ်)ကို ညောင်ရွှေမြို့ မေဟော်နန်းဟိုတယ်၌ ဧပြီ ၃ရက်မှ ၅ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဈေးပွဲတော်၊ စင်တင်တေးဂီတနှင့် ဒေသရိုးရာ အစားအစာရောင်းချပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။



ပျောက်ဆုံးကြောင်း

ကျွန်မ မရီရီမင်း၏ နိုင်ငံကူးလက်မှတ် အမှတ် ၂၇၆၇၃၄ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၈၁-၂၂၀၈၂။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ချစ်သောင်း၏ နိုင်ငံကူးလက်မှတ် အမှတ် ၅၈၆၆၅၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃-၄၃၅၉၇၃။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးမင်းသူ ၁၂/လမတ(နိုင်)၀၁၆၂၄၉ပိုင်ဆိုင်သော၁ခ/၆၇၂၃ မော်တော်ယာဉ်၏ Owner Book ယာဉ်မှတ်ပုံတင်စာအုပ်သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဦးစိုးမင်းသူ

ဖုန်း-၂၂၃၇၂၇။

အမည်ပြောင်း

အဖ ဦးဝင်းဇော် ၁၂/သလန(နိုင်) ၀၈၀၇၇၁ ၏ သမီး အမက(၃၆) Grade-4 မှ မမြတ်နိုးအောင်အား မထက်ဝန်းရံဟု ပြောင်းလဲခေါ်ပါရန်။

မထက်ဝန်းရံ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်နေလင်းအောင် CDC-60984၏ 4Tickets မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁-၆၂၇၁၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်လင်းနိုင်စိုး၏ နိုင်ငံကူးလက်မှတ်အမှတ် A-013257 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅-၅၆၅၂၁၉။

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၁၉

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တန်ဖိုးငွေ ကျပ်သိန်း ၃၀တန်ဖိုးရှိ ခင်မောင်မြင့် စစ်ကိုင်း ပြုစုတင်ပြသည့် ''ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံတကာ ဆက်ဆံရေးနှင့် သံတမန်ရေးရာကွပ်ကဲမှု'' စာအုပ် အုပ်ရေ ၁၀၀၀ကို ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ စာရေးဆရာ ခင်မောင်မြင့် စစ်ကိုင်း ကိုယ်စား ခရမ်းစိုးမြင့်က စာအုပ်များကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

တစ်ပြည်လုံးဖြန့်ချိ

စာရေးဆရာ ခင်မောင်မြင့် စစ်ကိုင်း ရေးသားသည့် အဆိုပါစာအုပ်ကို စီစဉ်သူအဖြစ် ခရမ်းစိုးမြင့်က ဆောင်ရွက်ပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီလတွင် စိန်မြန်မာပုံနှိပ်တိုက်၌ ပုံနှိပ်ကာ တစ်ပြည်လုံးသို့ မြန်မာမြင့်စာပေနှင့် နှင်းဆီလှိုင်စာပေတို့က ဖြန့်ချိ၍ စာအုပ်ရောင်းဈေးမှာ တစ်အုပ်လျှင် ကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားမှု နောက်ဆက်တွဲသတင်း

နေပြည်တော် မတ် ၁၉

ယခုကာလတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ (New Influenza A H1N1) ဖြစ်ပွားမှုများ မြန်မာနိုင်ငံတွင် တွေ့ရှိနေကြောင်း သတင်းများထုတ်ပြန်ဖော်ပြခဲ့ပြီး ဖြစ်သည်။ ရန်ကုန်တိုင်းအတွင်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဗဟန်းမြို့နယ်၊ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်နှင့် မကွေးတိုင်း မကွေးမြို့တို့တွင် A(H1N1) ရောဂါပိုး တွေ့ရှိမှုဖြစ်စဉ်များ ရှိနေကြောင်း သိရှိရသည်။

သေဆုံးသူ လုံးဝမရှိ

၂၀၁၀ခုနှစ် မတ်လအတွင်းတွင် A(H1N1) ရောဂါသံသယဖြင့် ဆေးရုံတက်ရောက်သူ စုစုပေါင်း ၃၆ဦးရှိခဲ့ရာ ၎င်းတို့အနက် နှစ်ဦးမှာ ဆေးရုံဆင်းပြီဖြစ်ကြောင်း၊ ကျန်လူနာများမှာ ရောဂါသက်သာလျက်ရှိပြီး သတ်မှတ်ကုသကာလ မပြည့်သေးသဖြင့် စောင့်ကြပ်ကြည့်ရှု ကုသပေးလျက်ရှိခြင်းသာ ဖြစ်ကြောင်း၊ သေဆုံးသူ လုံးဝမရှိကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ ပူးပေါင်း၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀-၃-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၃၃)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တိမ်တွေဆီ မျောလွင့်သူ** လွင်မိုး၊ နဝရတ် ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)
- ၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၁၈)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်တွဲ
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၆။ လျှပ်တစ်ပြက်
- ၅:၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
- ၆:၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၉)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **သစ္စာမော်ကွန်း**(ဒုတိယပိုင်း) (ဇာတ်သိမ်း)
- ၂၁။ **နှစ်ခေတ်ပြိုင်ချစ်သူ**(အပိုင်း-၁၃)

မြန်မာ့အလင်း ချန်ပီယံလိဂ်ဖောင်ပိတ်သတင်း

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် အာဆင်နယ်နှင့် ဘာကာ၊ မန်ယူနှင့် ဘိုင်ယန်မြူးနစ် ဆုံတွေ့

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် မတ် ၁၉

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၉ ရက်တွင် သက်ဆိုင်ရာက ထုတ်ပြန်လိုက်ပြီဖြစ်ရာ အာဆင်နယ်က ၂၀၀၆ခုနှစ် ဖိုင်နယ်ပွဲ၌ ဆုံတွေ့ခဲ့သော လက်ရှိ ချန်ပီယံ ဘာကာနှင့် ဆုံတွေ့မည်ဖြစ်သည်။

မန်ယူက ဘိုင်ယန်မြူးနစ်နှင့် ကစားရမည်ဖြစ်၍ ၁၉၉၉ခုနှစ်က ချန်ပီယံလိဂ် ဖလားဆွတ်ခူးနိုင်ခဲ့မှုကို ပြန်လည်အသက်သွင်းနိုင်လိမ့်မည်ဖြစ်သည်။ မန်ယူတို့ အကြိုဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့လျှင် လိုင်ယွန် သို့မဟုတ် ဘော်ဒိုးနှင့် ကစားရမည်ဖြစ်သည်။ အာဆင်နယ်တို့ အကြိုဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့လျှင် အင်တာမီလန်နှင့် စီအက်စ်ကေအေမော်စကိုတို့ထဲမှ အနိုင်ရသောအသင်းနှင့် ကစားရမည်ဖြစ်သည်။

ယှဉ်ပြိုင်ကစား

အဆိုပါ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပြိုင်ပွဲများကို မတ် ၃၀နှင့် ၃၁ရက်တွင် ကစားပြီး ဒုတိယအကျော့အဖြစ် ဧပြီ ၆ရက်နှင့် ၇ရက်တို့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘာကာတိုက်စစ်မှူး အွန်နရီသည် ၂၀၀၆ခုနှစ် ဇွန်လက ပေါင် ၁၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ပထမဆုံးအကြိမ် အသင်းဟောင်းအာဆင်နယ်နှင့် ပြန်လည်ဆုံစည်းခွင့်ရမည်ဖြစ်သည်။

အာဆင်နယ်တို့ ဖိုင်နယ်ပွဲအထိ တက်ရောက်နိုင်ခဲ့လျှင် မန်ယူ၊ ဘိုင်ယန်မြူးနစ်၊ လိုင်ယွန်၊ ဘော်ဒိုးတို့ထဲမှ ဖိုင်နယ်ပွဲတက်ရောက်လာသော အသင်း တစ်သင်းနှင့် ဆုံတွေ့မည် ဖြစ်သည်။

ဆုံတွေ့မည်

အကယ်၍ မန်ယူ ဖိုင်နယ်ပွဲတက်ရောက်နိုင်ခဲ့လျှင် အင်တာမီလန်၊ စီအက်စ်ကေအေမော်စကို၊ အာဆင်နယ်၊ ဘာကာတို့ထဲမှ ဖိုင်နယ်ပွဲတက်ရောက်လာသော အသင်းတစ်သင်းနှင့် ဆုံတွေ့မည်ဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များ

- **လိုင်ယွန် - ဘော်ဒိုး**
- **ဘိုင်ယန်မြူးနစ် - မန်ယူ**
- **အာဆင်နယ် - ဘာကာ**
- **အင်တာမီလန် - စီအက်စ်ကေအေမော်စကို**

(အင်တာနက်)

KNU အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်မှုကြောင့် ဖာပွန်မြို့နယ်၌ အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံး၊ ၁၁ဦး ဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၉

ကရင်အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကြောင့် အပြစ်မဲ့ တိုင်းရင်းသားပြည်သူလူထု သေကျေဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် ကရင်အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းအား ခရီးသည်တင်မော်တော်ယာဉ်တစ်စီးက နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံးကာ ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ကူညီစောင့်ရှောက်ပေးလျက်ရှိ

ဖြစ်ပွားပုံမှာ ၂၀၁၀ခုနှစ် မတ် ၁၄ရက် ညနေ၄နာရီခန့်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဝင်းမောင်းကျေးရွာမှ မိချောင်းဝန်းကျေးရွာသို့ ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်တစ်စီးသည် ဖာပွန်မြို့နယ် ကျွန်းပင်ဝင်းနှင့် သရက်ပင်ဆိပ်ကျေးရွာအကြားသို့ ရောက်ရှိစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းအား ယာဉ်၏ရှေ့ယာဘက်ဘီးဖြင့် နင်းမိပေါက်ကွဲခဲ့သဖြင့် ကား၏ ယာဘက်အခြမ်း ပျက်စီးပြီး၊ ယာဉ်ပေါ်၌လိုက်ပါလာသည့် အရပ်သားနှစ်ဦးသေဆုံးကာ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဘီးလင်းနှင့် သထုံမြို့နယ် ပြည်သူ့ဆေးရုံများသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် မော်လမြိုင်၌ဖွင့်

မော်လမြိုင် မတ် ၁၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် နောင်ခရီကျေးရွာအုပ်စု မြောက်ခရွန်းကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက စာကြည့်တိုက်ခန်းမရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံကို မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လွင်နှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ဆက်လက်၍ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက (ဝဲပုံ) ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ဒုတိယဦးစီးမှူးဒေါ်သီတာအေးက သုတ၊ ရသ စာအုပ် ၁၀၀နှင့် မြောက်ခရွန်းကျေးရွာ ရပ်မိ ရပ်ဖတစ်ဦးက စာအုပ် ၅၀ကို လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်လွင်က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

ငှက်ဖျား၊ သွေးလွန်တုပ်ကွေးရောဂါ လျော့နည်းပပျောက်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ စုပေါင်းဆောင်ရွက်မှု

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်ကြည့်ရှုအားပေး

မန္တလေး မတ် ၁၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးမြို့တော် ဧရိယာအတွင်း ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ လျော့နည်းပပျောက်စေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ချမ်းမြသာစည်မြို့နယ် တမ္ပဝတီ ချီပါရပ်ကွက်နှင့် မုခ်ဦးလမ်းတို့တွင် ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီက စုပေါင်းဆောင်ရွက်ကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တက်ရောက်ကြည့်ရှု အားပေးသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် တမ္ပဝတီ ချီပါရပ်ကွက်အတွင်းရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်နေမှုများ၊ ခြင်ဆေးဖျန်းစက်လေးလုံးဖြင့် တစ်အိမ်တက်ဆင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်း၊ ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများက ခြင်ထောင်ဆေးစိမ်ခြင်း လက်တွေ့ဆောင်ရွက်နေမှုလုပ်ငန်းများကို လည်းကောင်း၊ မုခ်ဦးလမ်းတွင် သန့်ရှင်းရေးဌာနဝန်ထမ်းများက လမ်းဘေးဝဲ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်အား တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့တော်ကို ကျန်းမာမှုနှင့်ပြည့်စုံသော မြို့တော်ဖြစ်ရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါကင်းစင်ရန် မိမိအိမ်အတွင်းသန့်ရှင်းရေးမှ ရပ်ကွက်အတွင်းသန့်ရှင်းရေး၊ ရပ်ကွက်အတွင်းသန့်ရှင်းရေးမှ မြို့နယ်အတွင်းသန့်ရှင်းရေး၊ မြို့နယ်အတွင်းသန့်ရှင်းရေးမှ မြို့တော်တစ်ခုလုံး သန့်ရှင်းသာယာလှပရေးအတွက် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာမှုနှင့်ပြည့်စုံသော မြို့တော်ဖြစ်ရေး အတွက် အဖွဲ့အစည်းများဖွဲ့၍ ရပ်ကွက်သူ၊ ရပ်ကွက်သားများအားလုံး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြရေးအတွက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၁၃)

အစားအစာ ချက်ပြုတ်ပြင်ဆင်နည်းနှင့် မုန့်ပြုလုပ်ပြင်ဆင်နည်း သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၉

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း)နှင့် International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို မတ်လ စတုတ္ထပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အခမဲ့ကူညီပေး

Institute of Hospitality (UK) နှင့် Institute of AH&LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ English Course ကိုပါ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့နယ် သတင်း ထွေထွေလာ

စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

နေပြည်တော်လယ်ဝေး သာဝတ္ထိကျေးရွာအုပ်စု သုခရိပ်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို မတ် ၅ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသော သုတ၊ ရသ၊ ဓမ္မစာပေ စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ သာဝတ္ထိကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းတို့က လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

အိုင်အိုဒင်းဆား ရောင်းချမှုစစ်ဆေး

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချမှု ရှိ မရှိကို ဒုတိယဦးစီးမှူး(အခွန်)ဒေါ်ဆန်းယဉ် ဦးဆောင်သော အဖွဲ့ရုံးဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၂ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းကျဆင်းရေးနှင့် ကျေးရွာစာကြည့်တိုက် စံ(၅)ချက်ညီရေး ဒီပဲယင်း၌ ဟောပြော

ဒီပဲယင်း မတ် ၁၂

ရွှေဘိုခရိုင် ဒီပဲယင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) (ခေတ္တ) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်စိုးနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးအောင်လင်းတို့သည် ဖေဖော်ဝါရီ ၁၃ရက် ညနေ ၄နာရီက ခွန်တောင်းကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲနှင့် ကျေးရွာစာကြည့်တိုက် စံ(၅)ချက်နှင့်ညီညွတ်ရေး ဟောပြော ဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ (ခေတ္တ) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်စိုးနိုင်က မှုခင်းကျဆင်းရေးနှင့် ပတ်သက်၍ မှုခင်းဖြစ်ပွားပုံများကို အသေးစိတ်ရှင်းလင်းဟောပြောသည်။ ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လင်းက ကျေးရွာစာကြည့်တိုက် စံ(၅)ချက်နှင့် ညီညွတ်ရေး၊ စာဖတ်ရှိန်မြင့်မားရေးတို့ကို အသေးစိတ် ဆွေးနွေးဟောပြောသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးဆန်းလင်းက ကျေးရွာစာကြည့်တိုက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ရောမော် နံ့ရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဗန်းမော်၌ပြသ

ဗန်းမော် မတ် ၁၇

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားရေး၊ စာဖတ်ရှိန်မြင့်တင်ရေးနှင့် စံ(၅)ချက်ညီသော စာကြည့်တိုက်များဖြစ်တည်ရေး ရည်ရွယ်၍ ရောမော်နံ့ရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၆ရက်က ဗန်းမော်မြို့နယ်သဖန်းပင်ကျေးရွာနှင့် ငှက်ပျောတောကျေးရွာတို့၌ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က စာကြည့်တိုက်များဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြီး ဒုတိယဦးစီးမှူးဒေါ်သီတာအေးက စာကြည့်တိုက် များရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ မွေး/ကု ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိန်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဆွေးနွေးသည်။ ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ (ခရိုင် ပြန်/ဆက်)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်ရုံကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါ ကျေးရွာလမ်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးအေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

စဉ့်ကူးမြို့ အရန်မီးသတ်တပ်ဖွဲ့မှ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဖေဖော်ဝါရီ၁၂ရက်က စဉ့်ကူး မြို့မ(၁)ရပ်ကွက်နှင့် (၂)ရပ်ကွက်တို့တွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးမောင်ကြီးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မီးအသုံးပြုသူများအား ပညာပေးဆောင်ရွက်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် စည်းကမ်းချက်များ ပညာပေးရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဗီဂါပလတ်စတစ်လူသုံးကုန်ပစ္စည်းစက်ရုံနှင့် ဥသာ LED စက်ရုံဖွင့်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ခေတ်မီနည်းပညာစက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာရှိ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံနှင့် ဥသာ LED စက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗီဂါပလတ်စတစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ မုခ်ဦးရှေ့၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ချီးမြှင့်ပြီး ဥသာ LED စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

ဥသာ LED စက်ရုံအတွင်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဥသာ LED စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ပါရီ မတ် ၁၉

ဩစတြေးလျသိပ္ပံပညာရှင်များသည် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သော ရောမ ငှက်ကြီးများနှင့် သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းဥခွံများကို ဒီအင်န်အေ စစ်ဆေးနိုင်ပြီဟု ဆိုသည်။

စစ်ဆေးနိုင်

ဤစမ်းသပ်တွေ့ရှိချက်မှာ ကမ္ဘာတွင်ပထမဆုံးဖြစ်ပြီး မျိုးသုဉ်း *စာမျက်နှာ ၇ ကော်လံ ၁* ✻